# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၆



mgyoe.com

mgyoe.com

# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၆



ဝတ္ထုပဒေသာ အမှတ် - ၁၆
ပီ-မိုးနှင်း


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၃၅၄ ၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၃၇၉ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာပလင် | - | အီးဂဲလ် |
| လက်ခွဲပလင် | - | အေဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

၈၉၅.၈၃

ပီ-မိုးနှင်း
ဝတ္ထုပဒေသာ အမှတ် - ၁၆ /. ပီမိုးနှင်း၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၂၅၉ မျက်နှာ၊
၁၂.၅ စင်တီ× ၁၇.၅ စင်တီ
(၁) ဝတ္ထုပဒေသာ အမှတ် - ၁၆

၂၀၁၂၊ ဇူလိုင်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၃၀၀ ကျပ်


mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | အံ့သေးတယ် | ၁ |
| ၂။ | ညာဏ်ကြီးရှင် | ၁၈ |
| ၃။ | ပြော် မိန်းမ မိန်းမ | ၃၉ |
| ၄။ | လှည့်စားသူ | ၆၈ |
| ၅။ | အဲရောင်းတတ်သူ | ၈၈ |
| ၆။ | ထပ်လုပ်ပါဦး | ၉၃ |
| ၇။ | ရွှေနာရီ | ၁၀၀ |
| ၈။ | ဒင့်ကလား | ၁၀၅ |
| ၉။ | ကားလုပ်သူ | ၁၁၁ |
| ၁၀။ | မူးတဲ့လင် | ၁၁၉ |
| ၁၁။ | ဖခင်အမွေ | ၁၂၈ |
| ၁၂။ | အောက်မေ့တာပေါ့ | ၁၃၂ |
| ၁၃။ | သကြန်ဖူးစာ | ၁၃၈ |
| ၁၄။ | ရွှေဗိုင်းဖြူ | ၁၄၅ |
| ၁၅။ | မယ်မင်းကြီးမ | ၁၅၄ |
| ၁၆။ | ဂျာဒူးဝါလား | ၁၆၅ |
| ၁၇။ | ချစ်ရိုးအမှန် | ၁၇၅ |
| ၁၈။ | ဘားမားဒေး | ၁၉၉ |
| ၁၉။ | ဘားမားဒေးဝတ္ထု | ၂၂၉ |
| ၂၀။ | မခံချင်သောစိတ် | ၂၅၁ |

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com





## အံ့သေးတယ်

ကာလကတ္တားသိပ္ပံ ကျောင်းတော်ကြီးမှ ပညာသင်ကြားလာသော ဘီအေဘီအလ် မောင်မောင်ခသည် ဘီအလ်အတတ်ပညာကို တတ်မြောက်လာပြီးနောက် အမှုလိုက်ရဖို့အရေးက မိန်းမကိုလှည့်ရခြင်းထက်၊ တရားသူကြီးကိုလှည့်ပတ်ကာ တရားဥပဒေနှင့်ပြောရသည်ထက် ခက်ခဲသောအရာ ဟု မိမိစိတ်တွင် အမြဲအောက်မေ့လေ့ရှိသည့်ပြင် တွက်ချေကိုလိုက်၍ ကြည့်လိုက်မည်ဆိုပါက ရှေ့နေ၏အတတ်ပညာမှာ "တိုက်ပစ်"ခေါ် လက်နှိပ်စက်ရိုက်သူငှားရခြင်း၊ မြင်းရထားခပေးရခြင်း၊အလုပ်ခန်းငှားရခြင်း စာရေးထားရခြင်းတို့ကြောင့် ရသမျှသောငွေတို့မှာ စရိတ်ကိုနုတ်ရသည်အတွက် မိမိဖို့မှာဆိုခဲ့ပါလျှင် ငွေကြေးရဖို့ရာ အမှုသည်များထံမှ နှုးရနှပ်ရသော ဗာဟီရကိစ္စတို့မှာကြီးလေးသော ဝန်ကြီးတစ်ခုဖြစ်လေ၏။ ဘီအလ်အတတ်ပညာမှ တတိယတန်း၊ ဒုတိယတန်းရှေ့နေဖို့လောက်မှ ဟန်မကျသောကြောင့် အရင်းမစိုက်လှေဆိုးလိုက်ဆိုတဲ့စကားလို မိန်းမယူခြင်းသာလျှင် မျှော်လင့်အားထားဖွယ်ရာကြီးတစ်ခုဟု အောက်မေ့ကာနေလေ၏။

တစ်နေ့တွင် မောင်မောင်ခသည် ဒီစကြိတ်မြို့တစ်မြို့သို့ အမှုကိစ္စရှိ၍သွားရန် မီးရထားဒုတိယတွဲကို တက်လိုက်လေရာ မူးမိုက်၍ရထားပေါ်မှ ချော်ကျတော့မလို ဖြစ်သွားလေ၏။ အကြောင်းမူကား အချိုရှာသကင

mgyoe.com

mgyoe.com


နှင့်တွေ့၊ အပျိုရှာကညာနှင့်တွေ့ ဆိုသောစကားအရ ဒုတိယတွဲ၌ကြုံတွေ့သောအရာသည်ကား မပုမပြင့်မကြုံလွန်း၊ မျက်ခုံးမျက်စ၊ မျက်လုံးလည်တိုင်မှစ၍ ကမ္ဘာပေါ်ရှိ အလှဓာတ်အပေါင်းတို့ စုပေါင်းကာဖြည့်လိုက်သော အသက် ၁၈ နှစ်အရွယ်ရှိ အင်္ဂလိပ်မဖြူဖြူကလေးဖြစ်လေ၏။

မောင်မောင်ခသည် မီးရထားရှိသံတိုင်ကို မြဲမြဲစွာကိုင်ကာ မိမိကိုယ်ကိုမှ မနိုင့်တနိုင်နှင့်ဆွဲတက်ကာ ၎င်းမိန်းကလေးနှင့် မျက်နှာချင်းဆိုင်ရှိသောနေရာတွင် ခပ်မှိုင်မှိုင်ထိုင်နေလေ၏။

မောင်မောင်ခသည် မိမိရှေ့ထိုင်နေသည့်အထဲတွင် ရှေ့မှောက်၌ရှိသော မိန်းမပျိုကလေးအပေါ်တွင် အကြိုက်ရောအချစ်ရော ကရုဏာရောမုဒိတာရော ထွေးယှက်ကာ ပေါင်းဆုံရောပြွမ်းပြီးလာသောကြောင့် မကြာခဏမော်၍ကြည့်မိလေရာ၊ သူ့မျက်လုံးကိုယ့်မျက်လုံး လေးလုံးသောမျက်ဆန်လေးတန်သောမျက်စောင်း လေးချောင်းသော မျက်ကြောတို့သည် လက်ဖွေ့သမားများကဲ့သို့လည်းကောင်း၊ ခွပ်လှည့်ပေးသော ကြက်များကဲ့သို့လည်းကောင်း ရင်ဆိုင်တီးလင်းကွင်းများကဲ့သို့ မရှောင်သာအောင်မျက်နှာချင်းဆိုင်မိကြလေရာ အင်္ဂလိပ်မကလေးမှာ ဣန္ဒြေနှင့်နေကာ မိမိ၏ဂါဝန်များကို တင်းအောင်ဆွဲထိုင်ပြီး မိမိအနီးရှိလက်ဆွဲသားရေအိတ်ကလေးကို ဆွဲယူကာ ပေါင်ပေါ်တွင်တင်ပြီး မိမိ၏ရှေ့တူရူတွင်ထိုင်နေသောယောကျ်ားပျို ကလေးက မိမိ၏သားရေအိတ်ကို လုယူမည်ကို စိုးရိမ်မကင်းသကဲ့သို့ဖြစ်နေလေ၏။

အတန်ငယ်ကြာသောအခါ ရန်ကုန်ဘူတာကြီးမှ မီးရထားကြီးသည် ဥသြမှုတ်၍ ဂျုတ်ဂျုတ် ဂျုတ်ဂျုတ်နှင့်မြည်ကာ ပြည်မြို့ဘက်သို့ထွက်ခွာသွားလေ၏။ ထိုအချိန်အခါတွင် မောင်မောင်ခမှာမိမိ၏ လက်တွင်ကိုင်ထားသော ကဝိမျက်မှန်တိုက်မှ ကဝိမျက်မှန်မဂ္ဂဇင်းစာအုပ်ကြီးကို အားရပါးရဖတ်နေဘိသောအလား တစ်ရွက်ပြီးတစ်ရွက်လှန်ကာလှန်ကာ ခုတ်ရာတခြား ထစ်ရာတခြားဖြစ်သကဲ့သို့ မဂ္ဂဇင်းကို တွင်တွင်ကြီးလှန်ရင်း အင်္ဂလိပ်မကလေးကိုသာ စိတ်တွင်အမြဲစွဲကာ မဂ္ဂဇင်းကိုကျော်၍ အင်္ဂလိပ်

mgyoe.com

မလေးကိုသာ စိုက်၍စိုက်၍ကြည့်မိလေ၏။

အင်္ဂလိပ်မကလေးမှာ မောင်မောင်ခကြည့်သည်ကိုသိ၍ မိမိလက်တွင် ကိုင်ထားသော ဇာကိုသာ အတွင်ဂရုစိုက်၍ထိုးလေ၏။ တစ်ခါတစ်ရံ ဇာများမှားမှားနေ၍ ပြင်ကာပြင်ကာထိုးရလေ၏။ မောင်မောင်ခ၏ မဂ္ဂဇင်းမှ လွတ်၍မကျလောက်ဖြစ်လေ၏။

ယင်းကဲ့သို့သွားရင်း ကြည့်မြင်တိုင်ဘူတာသို့ မီးရထားဆိုက်သည့် တိုင်အောင် တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲသွားကြရာ အင်းစိန်ဘူတာသို့ရောက်ကာ အင်္ဂလိပ်မကလေးမှာလက်ညောင်းသဖြင့် ဇာကို အနီးတွင်ချထားလေ၏။ မောင်မောင်ခမှာ မျက်လုံးညောင်းသဖြင့် မဂ္ဂဇင်းကို ပေါင်ပေါ်တွင်တင်ကာ ပြတင်းပေါက်မှ ကွင်းပြင်လယ်များကို ကြည့်၍နေလေ၏။ ၎င်းတို့နှစ်ဦး အဘယ်ကိုကြည့်ကြစေကာမူ စိတ်တွင် မည်သူမည်ဝါလဲ ဘယ်သူ့သားမြေးလဲဟု စိတ်ပုတီးစိပ်သကဲ့သို့ ဖြစ်၍ နေလေ၏။

အင်းစိန်ဘူတာသို့ ရထားရောက်သောအခါ မောင်မောင်ခစိတ်တွင် တဒိန်းဒိန်းနှင့် တို့တွဲကို လူများတက်လာဦးမှာလားဟု စိုးရိမ်မကင်းဖြစ်ကာ ထင်မိထင်ယောင်ရှိအောင် အင်္ဂလိပ်မအနား သွားထိုင်ရရင်ကောင်းမလား စသည်ဖြင့် စိတ်ကူးဖဲရိုက်ကာ ငါအနီးသွားထိုင်ရင် အင်္ဂလိပ်မက ဒီအကောင် နောက်ပိုးပဲဟု စိတ်တွင်အောက်မေ့မှာကိုလည်း စိုးရိမ်မကင်း ဖြစ်ပြီးထကာ ပြတင်းပေါက်မှ ဦးခေါင်းပြူကာကြည့်နေရင်း ယောဟို အင်္ဂလိပ်မ ဗိုက်ပူမကြီး တို့တွဲများတက်လာမလားစသည်ဖြင့် စဉ်းစားရင်း ဟန်လုပ်ကာ အင်္ဂလိပ်မ ဘက်သို့ကြည့်လိုက် ဈေးသည်များကိုကြည့်လိုက်နှင့်နေရာ အင်္ဂလိပ်မဘက် သို့အကြည့်တွင် အင်္ဂလိပ်မသည် ဣန္ဒြေနှင့်နေလေ၏။ ဤကဲ့သို့ထင်ယောင် ထင်မှားနေစဉ်တွင် ရထားကြီးမှာ အင်းစိန်ဘူတာမှ ထွက်သွားလေ၏။ ထိုအခါမှ မောင်မောင်ခ၏စိတ်တွင် အေးသွားလေ၏။

ယင်းကဲ့သို့ တဖြည်းဖြည်းသွားကြလေရာတွင် နှစ်ဦးစလုံးမှာ ဝမ်းနည်းလာကြလေ၏။ အကြောင်းမူကား လူသတ္တဝါတို့မှာ အစုအဝေး

mgyoe.com


နှင့်နေကြသောကြောင့် စကားပြောဖော်မရှိခြင်းကြောင့်ဖြစ်လေ၏။ အတန်ကြာသောအခါ အင်္ဂလိပ်မကလေးက ကျေးဇူးပြု၍ ရှင်၏သတင်းစာကို မဖတ်ရဘူးလားဟု ချိုသာသောအသံနှင့်မေးလေရာ မောင်မောင်ခမှာ ထိုင်ရာမှထကာ သတင်းစာကိုပေါ့ပါးစွာယူပြီး အင်္ဂလိပ်မလက်သို့ပေးရင်း ၎င်းပြင်မြန်မာလိုရေးထားသော ကဝိမျက်မှန်မဂ္ဂဇင်းလည်းရှိပါသေးသည် အရုပ်များက လှပါဘိနဲ့ကြည့်စမ်းပါဦးဟု လောကွတ်ပိုကာ ထပ်၍ပေးလေ၏။ အင်္ဂလိပ်မက ကျေးဇူးတင်ကြောင်းပြောရာ မောင်မောင်ခစိတ်တွင် မိမိကိုသရော်သည် မှတ်ထင်မိလေ၏။

အင်္ဂလိပ်မကလေးမှာ သတင်းစာကိုရသောကြောင့် ကျေးဇူးတင်၏။ မောင်မောင်ခမှာ သတင်းစာကိုပေးရသောကြောင့် ကျေးဇူးတင်၏။ မောင်မောင်ခမှာ အင်္ဂလိပ်မကလေးသတင်းစာ ဖတ်နေသည်ကိုကြည့်ရင်း ကမ္ဘာပေါ်တွင် အချောအလှမှာတော့ ပထမရထိုက်တဲ့ မိန်းကလေးပါပဲဟု စိတ်တွင် ချီးမွမ်းရင်း စကားကိုပြောလိုသော်လည်း အင်္ဂလိပ်မမှာ ဦးခေါင်းမှ မဖော်ဘဲ သတင်းစာကိုသာ တွင်တွင်ကြီးဖတ်၍နေလေ၏။

သတင်းစာဖတ်ပြီး၍ မောင်မောင်ခကိုပြန်အပေးတွင် မောင်မောင်ခက ဘယ်သွားမလို့လဲဟုမေးလေ၏။

အင်္ဂလိပ်မ။ "ကျွန်မ ပြည်ကိုသွားမလို့"

မောင်မောင်ခ။ "ပြည်မှာနေသလား"

အင်္ဂလိပ်မ။ "မနေပါ၊ ရန်ကုန်မှာနေပါသည်၊ ရှင်ကောဘယ်မှာနေသလဲ"

မောင်မောင်ခ။ "ရန်ကုန်မှာနေပါတယ်၊ အခုပုသိမ်သွားမလို့"

အင်္ဂလိပ်မ ။ "ဘယ်မှာ အလုပ်လုပ်သလဲ"

မောင်မောင်ခ။ "ဒါကျုပ်ကဒ်ပါပဲ"ဆိုကာ လှမ်း၍ပေးလိုက်လေ၏။

အင်္ဂလိပ်မ။ ကဒ်ကိုကြည့်ပြီးလျှင် "ကာလကတ္တားက ပြန်လာတာ ဘယ်လောက်ကြာပြီလဲ"

မောင်မောင်ခ။ "မကြာသေးပါ ဖလလောက်ရှိပါသေးတယ်။ မင်း

mgyoe.com

mgyoe.com


နာမည် ဘယ်လိုခေါ်သလဲ"

အင်္ဂလိပ်မ။ "ကျွန်မနာမည် မေရီ"ဟု ရှက်ကြောက်ကာပြောလေ၏။

မောင်မောင်ခ။ "ဘာကိစ္စနဲ့သွားမလို့လဲ"ဟု ဆက်၍မေးလေရာ "ကျောင်းပိတ်အလည်သွားမှာပါပဲ"ဟု ပြန်ပြောလေ၏။

မောင်မောင်ခ။ "ဘယ်ကျောင်းမှာနေသလဲ"

မေရီ။ "ကွန်ဘင့်မှာနေပါတယ်"

ခ။ "ဂါဝန်နဲ့နေသလား"

မေရီခေါ် မညွန့်သည် ခေါင်းညိတ်၏။

ခ။ "ဘယ်အတန်းရောက်ပလဲ"

မညွန့် ။ "ဆယ်တန်းမှာ"

ထိုနောက် အခွင့်မရှိသဖြင့် ဆိတ်ငြိမ်စွာနေရင်းတွင် လက်ပံတန်းသို့ရောက်ရာ မောင်မောင်ခမှာဝမ်းနည်းစွာ မညွန့်ကိုခွဲခွာပြီး ပုသိမ် မီးရထားကိုစီးရလေ၏။ ညွန့်မှာတစ်ယောက်တည်း ပြည်မြို့သို့ပါသွားလေ၏။

[၂]

တစ်နေ့သောညနေတွင် မောင်မောင်ခမှာ နေ့အလုပ်များပြီးစီး၍ ညနေအချိန် ဘုရားလမ်းတွင်လမ်းလျှောက်ရင်း မိမိမျက်လုံးများတွင် မထွက်သော မျက်နှာလေးမှာ ဘုရားလမ်းကိုဖြတ်ကာ လက်ဆွဲသားရေအိတ်ကလေးကို ကိုင်ကာလာသော မေရီနှင့်ရင်ဆိုင်တွေ့လေ၏။

ထိုကဲ့သို့ တွေ့သောအခါ တစ်ယောက်ကို တစ်ယောက်စကားမပြောဘဲရပ်၍ကြည့်နေကြလေ၏။ အကြောင်းမူကား ပျိုရွယ်သူများမှာ အကျွမ်းအလွန်ဝင်မှသာ ပြောဆိုခြင်းရှိကြသောကြောင့်တည်း။ ထိုကဲ့သို့ကြည့်နေခြင်းများမှာ မျက်လုံးချင်း ဓားပြတိုက်နေခြင်းဖြစ်လေ၏။

အတန်ငယ်ကြာသောအခါ မောင်မောင်ခသည် ဦးထုပ်ကိုချွတ်ကာ

mgyoe.com

mgyoe.com


အရိအသေပေးလေ၏။ ထိုအခါ မိန်းကလေးသည် ထွက်၍သွားလေ၏။ မောင်မောင်ခမှာ သွားခွင့်မပြုဘဲသွားသော မိန်းကလေးကိုကြည့်ကာ ကျန်ရစ်ခဲ့လေ၏။

မောင်မောင်ခသည် မျက်စိတစ်ဆုံး စိုက်ကြည့်နေရစ်ခဲ့လေ၏။ ၎င်း နောက် သူဘယ်မှာနေသည်ကို ငါသိအောင်ကြံမည်ဟု စိတ်ကူးကာ မိမိ တိုက်သို့ လှည့်ကာပြန်လေ၏။

နောက်ရက်ပေါင်း များမကြာမီကျောင်းဖွင့်သဖြင့် မောင်မောင်ခ သည် ကျောင်းရှေ့သွား၍ ကျောင်းဆင်းချိန်တို့တွင် စောင့်လေရာ တစ်နေ့ တွင် မေရီကိုတွေ့မြင်ရ၍ သူ့အဖော်များနှင့်ကွဲရင် ငါဝင်စကားပြောမည်။ ငါ့ကိုငြင်းပယ်က အခြားမြို့များတွင် လိုက်လံရှာဖွေရမှာပဲဟု စိတ်တွင်ပိုက် ကာ နောက်မှလိုက်ရာ ဆေးရုံကြီးဘက်မှချိုးပြီး မဂိုလမ်းဘက်သို့သွား သည်ကို မြင်ရလေ၏။ မဂိုလမ်းရောက်ကာလ အဖော်များနှင့်ကွဲပြီးဖြစ်၍ မောင်မောင်ခက ဦးထုပ်ကိုချွတ်ကာ နှုတ်ဆက်လေ၏။ မေရီလည်းပြုံး ရယ်ကာပြန်၍ နှုတ်ဆက်လေ၏။

မေရီ။ "ရှင်ကျွန်မကို တမင်လိုက်နေတာလား"

ခ။ "မင်းရိပ်မိတဲ့အတိုင်းပါပဲ၊ မင်းငါ့ကိုရိုင်းတယ်ထင်ရင်လည်း ထင်တော့ မင်းကိုပဲ ငါ့မျက်စိထဲတာရေးရေးမြင်နေလို့သာ လိုက်နေတာပေါ့" မင်းနောက်ကိုလိုက်လာတာ အသိသားနဲ့ မစောင့်တာမုန်းလို့လား"

မေရီ။ "ရှင့်ကိုဘာဖြစ်လို့ မုန်းရမှာလဲ၊ သို့သော်လည်း ရှင်တို့ ယောကျ်ားများအလိုကိုလိုက်ပြီးရှင်တို့အပျော်လိုက်ဖို့ရန်အတွေ့ခံရမှာလား"

ခ။ "မင်းငါ့စိတ်ကိုမသိလို့ ဒီစကားမျိုးပြောတာပါ၊ ငါဒီလိုလူမျိုး မဟုတ်ပါဘူး"

ထိုအခါမိန်းမပျိုကလေးသည် စကားမပြောဘဲ မောင်မောင်ခနှင့် အတူယှဉ်၍ လမ်းလျှောက်သွားလေ၏။

မေရီ။ "ရှင့်စိတ်ကသဘောရိုးအတိုင်းဖြစ်ရင် ကျွန်မငြင်းစရာမရှိ ပါဘူး၊ ရှင်ဝတ်လုံလုပ်နေတယ်ဆိုတာသိပါရဲ့၊ ရှင့်နာမည်တော့မှတ်မိပါရဲ့

ရှင်ဂျော့မဟုတ်လား"

မောင်မောင်ခမှာ မြန်မာလိုဆိုရင်မောင်မောင်ခ၊ အင်္ဂလိပ်လိုဆိုရင် ဂျော့ ဖြစ်လေ၏။ မီးရထားပေါ်တွင်ပေးခဲ့သောကဒ်မှာ ဂျော့ဟုရေးထား၏။

ထိုနောက်ဆက်လက်၍ စကားပြောသွားကြရာတွင် မေရီခေါ်မညွန့် နှင့် မောင်မောင်ခတို့သည် ချစ်ကြောင်းကြိုက်ကြောင်း အတိအလင်းပြော ခွင့်ရကြသဖြင့် သမီးရည်းစားဖြစ်ကာ သွားကြလေ၏။

မောင်မောင်ခသည် ညနေတိုင်းသွား၍ တွေ့ကြလေ၏။ ၎င်းတို့ တစ်ယောက်တစ်ယောက် မြန်မာနာမည်ထုတ်ဖော်မပြောဘဲ၊ အင်္ဂလိပ်ထီး အင်္ဂလိပ်မတို့ကဲ့သို့ သွားလာနေထိုင်ကြလေ၏။

အင်္ဂလိပ်မကလေး မညွန့်မှာ လက်ပံတန်းမြို့တွင် ဆွေမျိုးညာတိ များရှိသည့်အပြင် မိမိကိုယ်တိုင်လက်ပံတန်းသူဖြစ်လေ၏။

အင်္ဂလိပ်ကလေးမှာ ပုသိမ်မြို့တွင်နေထိုင်သော သူဋ္ဌေးမင်း၏ တစ်ဦး တည်းသော သားဖြစ်လေရာ မိမိ မိဘများက သား၏ချစ်ခြင်းဖြင့် ကာလ ကတ္တားမြို့သို့ ပညာသင်လွှတ်ရာ ဘီအေဘီအလ်အောင်လာသော ဂျော့ခေါ် မောင်မောင်ခဖြစ်လေ၏။

[ ၃ ]

သူဋ္ဌေးမင်း ဦးသန့်သည် မီးရထားတွဲတွင် ကျောင်းဒကာဦးခန့်နှင့် တွေ့ကြရာ "မာရဲ့နော် ကျောင်းဒကာဦးခန့်"

ခန့်။ "မာပါရဲ့ သူဋ္ဌေးမင်း၊ ယခုဘယ်ကလာကြသလဲ"

သန့်။ "ဟော သားကလေး ရန်ကုန်မှာ အလုပ်လုပ်နေလို့ အခြေအနေ သွားကြည့်ရတယ် ကျောင်းဒကာရဲ့"

ခန့်။ "ဘယ်သူတုန်း"

သန့်။ "မောင်မောင်ခဆိုတာကျုပ်သားလေ...ဘီအေဘီအလ်"

mgyoe.com
mgyoe.com

mgyoe.com


ခန့်။ "ဩဘ်ဟုတ်လား။ ဒီလိုပညာဆိုတော့ စိတ်ချရပါတယ်။ ပူဖို့မရှိပါဘူး။ မပြည့်တဲ့အိုးသာ ပူရတာမျိုးပါ သူဌေးမင်းရဲ့"

သန့်။ "ကျောင်းဒကာမှာ သမီးလေးတစ်ယောက်ရှိသေးတယ် မဟုတ်လား။မောင်မောင်ခမွေးပြီး လေးနှစ်လောက်ကြာတော့ မွေးတာလေ"

ခန့် ။ "သူဌေးမင်းနှယ်ရှိပါသကော။ သတိကောင်းပါကလား။ ယခုကျောင်းနေတယ်။ ၁၀ တန်းမှာ၊ နာမည်ကတော့ မညွန့်တဲ့"

သန့်။ "ကဲကဲ စကားများများပြောမနေနဲ့ ကျောင်းဒကာ။ လူခင်ချင်းလည်းဖြစ်ကြတယ်။ အကျိုးအကြောင်းအသိချင်းလည်းဖြစ်ကြတော့ ကျောင်းဒကာသမီးနဲ့ ကျုပ်သားပေးစားဖို့စီစဉ်ပါ"

ခန့်။ "ဘယ့်နှယ်ဗျာ၊ လူကိုမမြင်ရသေးဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး စီမံမလဲ"

သန့်။ သားရေအိတ်မှထုတ်ကာ မောင်မောင်ခ၏ဓာတ်ပုံကိုပြလေရာ။

ဦးခန့်လည်းသားရေအိတ်မှ ဓာတ်ပုံကို ပြလေ၏။ ၎င်းပုံမှာ ယောထဘီကိုဝတ်၍ ကြံ့ကြံ့ထိုင်နေသော မညွန့်ဖြစ်လေ၏။

ထိုအခါနှစ်ဦးသော လူကြီးတို့သည် သဘောကျကာ အသေအချာကြည့်ကြပြီး မိမိတို့ကို ဩဇာပေးနေကြဖြစ်သော ဇနီးသည်များရှိသေးကြောင်းပြောကာ ဓာတ်ပုံကိုလဲယူကာ သွားကြလေ၏။

နောက်တစ်လလောက် ကြာသောအခါ ဆူးလေဘုရားလမ်းတွင် မောင်မောင်ခနှင့် မညွန့်တို့သည် လမ်းလျှောက်သွားကြရင်း မောင်မောင်ခက "တယ်ပြီး စိတ်လေးတယ်ကွယ်။ လာ တို့များတက္ကစီကိုငှားပြီး ကန်တော်ကြီး တစ်ပတ်လျှောက်စီးကြရအောင်"

မညွန့်မှာ မျက်ဆန်ပြူး မျက်လုံးပြူးနှင့် မောင်မောင်ခကိုကြည့်ပြီး "ကျွန်မအခြား မိန်းကလေးများလို မော်တော်ကားနဲ့ ကန်တော်ကြီးတို့ကို အပျော်လိုက်ပြီး မော်တော်ကားစီးလေ့မရှိဘူး။ ရှင့်ကို ကျွန်မအစတုန်းက လူရိုး လူကောင်းရယ်လို့ ယုံကြည်အားထားပါတယ်"

mgyoe.com

mgyoe.com


မောင်မောင်ခ ။ "မပာတ်ပါဘူး မေရီရယ် မင်းကိုတစ်မျိုးတစ်မည် ဘယ်လိုမှ သဘောမထားပါ။ မင်းနဲ့တို့အကြောင်းကို အထူးတလည် ပြောစရာရှိလို့ခေါ်တာပါ။ လာ ဟောဟိုတက္ကစီနဲ့ သွားကြမယ်"ဆိုကာ မော်တော်ကားနဲ့ ကန်တော်ကြီးကို သွားကြလေ၏။

မညွန့်။ "ကျော့ ကျွန်မသိပ်စိတ်လေးတာပဲ။ ကျွန်မတို့နှစ်ဦးရဲ့ ချစ်ခြင်းဟာ မကြာခင်ကွဲလိမ့်မယ်လို့ထင်ပါတယ်။

မောင်မောင်ခ။ "အလို ... ဘယ်လိုကြောင့်လဲ မစ္စမေရီရယ် မင်းစိတ်လေးတာထက် ငါစိတ်လေးတာက အများကြီးလေးတယ်။ ငါပြောပြမယ် မင်းနားထောင် ကျော့တို့မိဘများက ကျော့ကိုမကြာခင် မိန်းမပေးစားမယ်တဲ့ ဒီအကြောင်းနှင့်ပတ်သက်ပြီး ကျော့ကမစ္စရီကို ပြောပြလိုသဖြင့် ခေါ်တာပါ"

မညွန့်။ "ကျော့ပြောသလိုပဲ ကျွန်မကိုလည်း ကျွန်မမိဘက မကြာခင် အိမ်ထောင်ပြုပေးမလို့ ၁၀ တန်းစာမေးပွဲတောင် မဝင်ရဘူးတဲ့"

မောင်မောင်ခ။ "ဟုတ်လားဒါဖြင့် ကံတူအကျိုးပေးဖြစ်နေကြပါပြီပဲကော ... ကိစ္စမရှိဘူး မေရီမင်းမိဘများနှင့် ငါ့မိဘများက တို့များကို မကြည့်သော်လည်း ငါနှင့်မင်းတို့နှစ်ယောက်ကောင်းကောင်းစားပြီး ကောင်းကောင်းကြီးဝတ်ဆင်၍သူများလို မော်တော်ကားမစီးနိုင်သော်လည်း ရထားပိုင်တော့စီးနိုင်ဦးမှာပါပဲ"ဟု ပြောရင်းတရယ်ရယ်နှင့် မိမိတို့ကိုယ်မှာ နှစ်ယောက်တစ်ကိုယ်တည်းဖြစ်အောင် ကျပ်တည်းစွာပွေ့ဖက်ကာ အသက်ကိုမှ မှန်အောင်မရှုနိုင်တော့ဘဲ အချစ်၏အာရုံကို ခံစားကာနေလေရာမှ "ငါပြောတာသဘောကျရဲ့လား မေရီ"

မေရီ။ "ကျွန်မ ကြောက်လှပါတယ် ကျွန်မငယ်ငယ်ကတည်းကစပြီး မိဘစကားနားထောင်လာတော့ ယခုနားမထောင်ရင် မကောင်းပါ။ နားမထောင်ရမှာ ကြောက်တယ်"

မောင်မောင်ခ ။ "မိဘစကား နားမထောင်ရမှာကအရေးမကြီးဘူး။ မင်းနဲ့ငါကိစ္စမြန်မြန်ပြီးစီးဖို့က အရေးကြီးတယ်"

မေရီ ။ "ရှင်ယခုပြောတဲ့စကားက သာပြီးအရေးကြီးနေပါတယ်"

mgyoe.com

mgyoe.com


ထိုနောက်စကားပြောရင်းကန်တော်ကြီးကို တစ်ပတ်ပတ်ကြပြီးလျှင် မော်တော်ကားနှင့်ပြန်လာပြီး ဝမ်းနည်းသောအမူအရာနှင့်တစ်ဦးကို တစ်ဦး နှုတ်ဆက်ကာခွဲကြလေ၏။

[ ၄ ]

မညွန့်သည် ရန်ကုန်အရှေ့ပိုင်းရှိ မိမိအဒေါ်အိမ်မှကုလားထိုင် တစ်ခု ပေါ်တွင် ထိုင်နေရင်း မိမိ၏အဖြစ်အပျက်များကို ပြန်လှန်စဉ်းစားရင်း စိတ်ငယ်လာပြီး လက်တွင်ကိုင်ထားသော စာအုပ်ကိုနံဘေးသို့ပစ်ချပြီး ထ၍ သွားကာ၊စိတ်ပြေလက်ပျောက်ရှိစေတော့ဟု စိတ်တွင်အောက်မေ့ကာ ပီယာနို ကိုအသာစိတ်မပါ့တပါနှင့် တီးခေါက်လေ၏။ ထိုသို့တီးခေါက်ရင်း စိတ်မှာ တစ်စတစ်စပါလာပြီး သီချင်းသံနှင့် ပီယာနိုသံတို့မှာ ရောပြွမ်း၍ လာလေ၏။ ဆိုသို့ တီးခေါက်နေရင်းတွင် ဝမ်းနည်းစရာဟူသမျှမှာ ပပျောက်လုခမန်း ဖြစ်၍သွားလေ၏။ ပီယာနိုတီးရင် အတော်မောပန်းလာသောအခါ ပီယာနို ရှိစားပွဲပေါ်တွင် တင်ထားသော ဖခင်ထံမှစာကိုမြင်၍ ပီယာနိုကို မတို့ချင် တို့ချင်နှင့်တို့ပြီး စာကိုယူကာ တစ်ခါထပ်၍ဖတ်လေ၏။ မိမိနှင့် ပေးစားမည့် သူမှာ မြန်မာဝတ်လုံဘုရားလမ်းတွင်နေသော မောင်မောင်ခဖြစ်ကြောင်း စာတွင် တွေ့ရှိရသောကြောင့် အောက်ပါအတိုင်း စာရေးလေ၏။

ကိုမောင်မောင်ခရှင့် ကျွန်မ ကိုမောင်မောင်ခတစ်ခါမျှ မမြင်ဖူး သော်လည်း ဖခင်ထံမှအကြောင်းမျိုးစုံ ကြားသိရသဖြင့် ကိုမောင် မောင်ခကို ကျွန်မမြင်ယောင်လျက်သာနေပါသည်။ ဘယ်နည်းနဲ့ မဆို ကျွန်မတို့ နှစ်ယောက်မှာ လူကြီးမိဘတို့ဝတ်ကို မငြင်းနိုင်ဘဲ တွေ့ကြရတော့မည်။ ကိုမောင်မောင်ခ၏နာမည်ကို ကြားက တည်းက အလွန်မှတွေ့ချင်စိတ်ရှိပါသည်။ ကျွန်မကို မိန်းမပေါ့လို့ ထင်ရင်လည်း ခံရမှာပါပဲ၊ ယခုနေ့ညနေ ဘုရားကြီးအနီးပန်းခြံ

mgyoe.com

mgyoe.com

ထဲမှာ ကျွန်မရှိပါလိမ့်မည်။ ကိုမောင်မောင်ခက တွေ့ချင်လိမ့်မည်လို့ ထင်ပါသည်။

မညွန့် ...

ထိုစာကိုရေးပြီးနောက် ပြန်၍ဖတ်ရင်းပြုံးရယ်ကာ သည်စာကို ဖတ်ရသည်နှင့်တစ်ပြိုင်တည်း ငါ့ကိုကမြင်းတဲ့မိန်းမထင်ပြီး စိတ်ပျက်မှာပဲ။ စိတ်မပျက်သေးရင် လွှတ်လိုက်တဲ့ မယ်ဆင့်ကိုမြင်ရုံနဲ့ယုံစရာရှိရဲ့ဟု တွေးတောကာ တစ်ကိုယ်တည်း ခိုးခိုးခွတ်ခွတ်နှင့် ရယ်၍နေလေ၏။

မညွန့်၏အရီးဒေါ်ဥသည် မညွန့်ရယ်သံကိုကြား၍ သိလိုသောဇောနှင့်ကပျာကယာ မညွန့်ရှိရာသို့ဝင်ကာ တောင်မြောက်လေးပါးကိုကြည့်လေ၏။ ထိုသို့ကြည့်နေစဉ်တွင် မညွန့်သည်စာကို ရင်ဘတ်ကြားထဲသို့ သွင်းထားပြီး စားပွဲကိုမှီကာ သန်းဝေ၍နေလေ၏။ အဒေါ်ဖြစ်သူကိုကြည့်ကာ ဖြူစင်သော် သွားကလေးများကို ဖြဲပြီး ဦးခေါင်းကို စောင်းကာပြုံးရယ်လေ၏။

"ဟဲ့ကောင်မ နင်ဘာဖြစ်နေသလဲ"ဟု ဣန္ဒြေနှင့်မေးလေ၏။

မညွန့်သည် ဖက်ခွက်တွင်ရေစက်ကျသံကဲ့သို့ဖြစ်ကာ ကြည်လင်သော မျက်နှာနှင့် တခွတ်ခွတ်ရယ်လေ၏။

"အလို ... ဘာများဖြစ်နေပါလိမ့်မလဲ၊ မိညွန့်နင်ရူးနေသလား"

"မရူးပါဘူး ကြီးကြီးရဲ့၊ ကျွန်မရယ်ချင်လွန်းလို့ပါ"

ဒေါ်ဥ။ ။ "ဒီလိုပဲ အင်္ဂလိပ်ကျောင်းမှာထားလို့ စာတွေတတ်ပြီဆိုမှဖြင့် ရယ်လိုရယ်၊ ငိုလိုငိုနှင့် တော်ပါ၊ ညည်းကို ကျောင်းမထားတော့ဘူး တို့ဝတ်လုံနဲ့ ပေးစားရမယ်"

မညွန့်။ ။ "အဲဒီဝတ်လုံအကြောင်းတွေးရယ်တာပါ"

ဒေါ်ဥ ။ ။ "ဘာဖြစ်လို့ ရယ်ရတာလဲ"

ဒေါ်ဥ။ရယ်မိမှာပေါ့ ကြီးကြီးတို့လူက ဘယ့်နဲ့လူကြီးလဲကြောက်စရာကောင်းတယ်"ဟုပြောကာ ထပ်၍ရယ်လေ၏။ "ဟဲ့ မိညွန့် နင်ရူးသလား။ ပြောလေကဲလေပါကလား။ ဒီမှာ လူကြီးချင်းပြောရုံရှိသေး ညည်းက

mgyoe.com

mgyoe.com

သွားတွေ့ပြီးပြီပေါ့လေ။ဒါဂါဝန်ဝတ်တဲ့အကျိုးပေါ့လေ။ ငါအစက အပြော သား ဒီဂါဝန်တတ်ကျောင်းမှာမထားနဲ့။ ဂါဝန်ဟာလူကို မြှောက်တယ် မြှောက်တယ် ပြောတာကြည့်ပါလား၊ အခု ဘယ်လိုဖြစ်နေတယ်ဆိုတာ သစ်တုံးတစ်တုံး ဂါဝန်ဝတ်ပြီးထား၊ ၅ရက်လောက်ကြာ သွားပေါက် ကြည့်ပါ လားရမှာမဟုတ်ဘူး ဒီထိအောင်မာတာမျိုး ညည်းဒီလို အင်္ဂလိပ် စိတ်ကျပ် ကျပ်ပေါက်။အင်္ဂလိပ်နဘ်နှင့်ညားနေလိမ့်မယ်။ ကြည့်ပါလား အိမ်ပေါ်တောင် ဖိနပ်မချွတ်ချင်ဘူး။ ညည်းလင်ရရင် အင်္ဂလိပ်တွေနဲ့တွဲပြီး လမ်းလျှောက်နေမှာ ပေါ့လေ"

မညွန့်သည် စကားတစ်ခွန်းမှပြန်၍ မပြောဘဲပြုံးလျက်၊ ကြီးကြီးကို သာကြည့်၍နေပြီးမှ ကြီးကြီးတို့လင့်က "သြော်ယောင်လို့ယောင်လို့ ကြီးကြီး တို့လူက လာလာခြင်းဆောက်နဲ့ထွင်းဆိုသလို ကြောက်စရာအင်မတန် ကောင်းတဲ့လူပဲ"

န ။ "သယ် ... ဘယ့်နှယ်လုပ်လိုက်သလဲ၊ ပြောပါအေ မြုံ့စိစိလုပ် မနေပါနဲ့"

ညွန့်။ "ဘယ့်နှယ်လူလည်းမသိဘူး၊ လူဝံလိုပဲ"

န။ "ဘယ့်နှယ်လုပ်လိုက်သလဲ ရှူးတူးတူး အူတူတူနဲ့ လူဝံက ဘယ့်နှယ်လုပ်လိုက်သလဲ"

ညွန့် ။ "တကတည်း ကြီးကြီးကလည်း ပေါက်ပေါက်ရှာရှာ မေး လိုက်တာ ..."

န။ "အလို ... ဖြစ်မှဖြစ်ရလေ၊ နေပါဦးတိုးတိုးပြောပါ၊ လူတွေကြား ကုန်ပါ့မယ်။ ဘယ့်နှယ်များလုပ်လိုက်သေးသလဲ"

ညွန့် ။ "ခုတင်ကပဲ ... ..."

ဒေါ်နသည် ဒေါသထကာ "ဟဲ့မယ်သင်အခန်းထဲမှာ ရှာစမ်း ဘယ့် နှယ်မှတ်လို့လဲ"ဟု မြည်တွန်ကာ လိုက်၍ရှာလေ၏။

ညွန့်။ "ကျွန်မစားပွဲမှာမှိနေတုန်းက ပြတင်းပေါက်ကလာပြီး ကလိ ထိုးသွားတယ်။ ဖြစ်မှဖြစ်မှရလေတော် ... ကလိထိုးသွားသတဲ့၊ မှန်မှန်ပြော

mgyoe.com

စမ်းပါအေ၊ ဘယ့်နှယ်များလုပ်သွားသေးသလဲ"

ညွန့်။ "ဒီလို ကြီးကြီးရဲ့ ကျွန်မစားပွဲကိုမှီပြီး အိပ်ပျော်သွားတုန်း အိပ်မက်ထဲမှာ ကျွန်မကို ကလိထိုးသွားတယ်လို့ အိပ်မက်မက်တာပါ ကြီးကြီးရဲ့"

ဒေါ်နု။ "ညည်းဖြင့်ဒီလိုပဲ၊ တစ်ယောက်တည်း ဒါကိုပဲ စဉ်းစားနေတာပေါ့လေ၊ စောစောကပြောပါတော့အေ၊ ဒီလိုအိပ်မက်ကြောင့် ညည်းနယ်ရှုးပဲရှုးတတ်တယ်အေ၊ စိတ်ချပါ စိတ်ချပါ မြန်မြန်ပေးစားပါ့မယ်"

မညွန့်သည် ဆက်လက်၍ရယ်လေရာ "တော်ပါအေ တော်တော်ကြာတော့ အမယ်လေးမအော်ပါနဲ့"ဟု ပြောဆိုကာ မိမိအခန်းသို့ဝင်သွားလေရာတွင် မညွန့်က "အနာမခံအသာမစံရဘူး ကြီးကြီးရဲ့"

ဒေါ်နု။ "ဘာပြောတယ်"ဟု နောက်သို့လှည့်၍မေးရာ "ဘာမှမဟုတ်ပါဘူး ကြီးကြီးရယ်၊ ယားကျိကျိဖြစ်နေလို့ပါ"ဟု ပြောလေရာ ဒေါ်နုသည် မျက်စောင်းထိုးကာ ထွက်သွားလေ၏။

[၅]

မညွန့်သည် မီးဖိုရှိ မယ်သင်ထံသို့သွားပြီး "မယ်သင် ကျွန်မကို တစ်ခုဆောင်ကြဉ်းပေးပါ" "ဘာလဲ သွားပြီး ချိန်းဖို့လား" "မဟုတ်ပါဘူးရှင်" "ဘုရားနားရှိပန်းခြံထဲမှာ မောင်မောင်ခရှိလိမ့်မယ်၊ ၎င်းကိုပြောပါ။ မညွန့်ဆိုတာကျွန်မပဲ။ ကိုမောင်မောင်ခဆိုတာရှင်မဟုတ်လား။ ရှင့်ကိုတွေ့ချင်လွန်းလို့လာခဲ့ကြောင်း ညည်းလိမ္မာသလို ကြည့်ပြောတာပေါ့အေ"

၎င်းမယ်သင်သည် ပုပုကွကွ၊ အသားကလည်းမည်းမည်း ကျောက်ပေါက်မကလည်းများ တစ်နေ့လုံးကြည့်လို့ နှစ်ပြားမတန်တဲ့မိန်းမဖြစ်လေရာ စကားပြောရာတွင် ယောကျ်ားများကိုမြင်က ပြုံးရွှင်စွာနှင့် အမဲထင်တတ်သူတစ်ယောက်ဖြစ်ကာ၊ ယောကျ်ားမြင့်တိုင်း အားရပါးရပိုးလေ့ရှိ၏။

mgyee.com

mgyoe.com

မညွန့်။ "မယ်သင် ကောင်းကောင်းကြီး ညည်းနှုးလိုက်နော်၊ ညည်းကိုကြိုက်ရင်ကော်တာပဲ ဝတ်လုံကတော်ဖြစ်မှာအေ့။ ရှေ့ညည်း လက်ကောက်လုပ်ဖို့ရာ ရွှေဒင်္ဂါးတစ်ပြား၊ ငါလွှတ်ကြောင်းကို ဘယ်သူမှ မသိစေနှင့်နော်"

မယ်သင်သည် အဝတ်များလဲပြီးနောက် မှန်ကိုလက်နှစ်ဖက်ဖြင့် အားရအောင် အနီးသို့ကပ်ကြည့်ပြီး မညွန့်အပြောခိုင်းသောစကားများကို စတိုင်ပါပါ မှန်တွင်ကြည့်ပြီး နှစ်ခါသုံးခါပြောပြီး မဲ့ကာရွဲ့ကာမိမိကိုယ်ကို ဝတ်လုံ၏ ရည်းစားအစစ်ကဲ့သို့ မှတ်ယူကာပီတိတွေဖြာပြီး မျက်ရည်များ တစ်စက်စက်နှင့်ကျလာလေ၏။ ထိုနောက်မှ မျက်ရည်များ သုတ်ပြီး ဘုပျာကယာထွက်၍ သွားလေ၏။

မောင်မောင်ခသည် စာကိုရရှိသောအခါ မညွန့်ဟုစာတွင်လက်မှတ် ဆိုးထားသည်ကိုတွေ့ရ၍ စိတ်တွင်မချိတင်ကဲဖြစ်ကာ ငါ့ကိုမှာလို့ရှိမှဖြင့် ငါသွားမှတော်မှာပဲဟု စိတ်တွင်အောက်မေ့ကာ သွားဦးမှ တော်တော့မယ် ဟု တစ်ယောက်တည်းပြောကာ ဘုရားကြီးအနီးရှိပန်းခြံသို့ မြန်မာလိုဝတ်၍ ထွက်သွားလေ၏။

မောင်မောင်ခသည် ပန်းခြံထဲတွင် ယောင်ပေယောင်ပေနှင့် လျှောက် နေရင်း ချုံကွယ်မှ မိန်းတစ်ယောက်ထွက်လာပြီး "ရှင်ကိုမောင်မောင်ခ မဟုတ်လား" "အေးဟုတ်တယ်" "နင်ဘယ်သူလဲ" "ကျွန်မ မညွန့်ပါ၊ မိဘချင်းက သဘောတူကြောင်း ပြောထားလို့ ရှင့်ကိုတွေ့ချင်လို့လာတာပါ။ ကျွန်မ စောင့်နေရတာကြာလှပြီ။ ရှင်ကအခုမှလာတာကိုး" မောင်မောင်ခ သည် အေး ငါမင်းနဲ့စကားမပြောနိုင်သေးဘူး။ ကိစ္စရှိသေးတယ်ပြောကာ ထွက်၍ သွားလေ၏။ထွက်၍အသွားတွင် နောက်မှလိုက်လာသလားဟု ကြောက်ရွံ့ကာ ဒီသရဲမကြီး ငါ့ကိုလာခြောက်တာပဲ။ အမယ်လေး ငါဘယ့်နှယ်ဖြစ်ပါလိမ့်၊ ကြောက်စရာကြီးပါကလားဟု တစ်ယောက်တည်း ညည်းညူကာ အပြန်တွင် စိတ်၏ပူပန်ခြင်းနှင့်အိမ်သို့ရောက်လေ၏။

နောက်တစ်နေ့ညနေတွင် ဂျော့နှင့်မေရီတို့သည် ကျောင်းဆင်းချိန်တွင်

mgyoe.com

mgyoe.com


တွေ့ကြပြီးနောက် ယခင်တစ်နေ့ကလို တက္ကစီတစ်စီးနှင့် လျှောက်၍ လည်ကြရာ ဂျော့ကမိမိတစ်နေ့ကပန်းခြံထဲတွင် မယ်သင်ခေါ်မညွန့်နှင့် တွေ့ကြောင်း ပြောပြမည်ကြံစည်သော်လည်း ပြောပြချေက မေရီစိတ်တွင် အတွေ့ခံရမလားဟု စိတ်တွင်မိမိအပေါ်တစ်မျိုးတစ်မည်ထင်မည်ကို စိုးရိမ် မကင်းဖြစ်သဖြင့် မပြောဘဲနေလေ၏။ မညွန့်စိတ်တွင်လည်း မိမိကြံစည်ပုံ ကိုမောင်မောင်ခအား ပြောပြရကောင်းမလား စဉ်းစားရင်းတွင် ဟယ်မပြော တော့ပါဘူးဟု စိတ်တွင်အောက်မေ့ကာနေလေ၏။

မစ္စမေရီ အေးအေးနေသည်ကို မောင်မောင်ခမြင်သောအခါ "မေရီ မင်းကတော့ မင်းယူမယ့်လင်အတွက် မင်းကစိတ်အေးနေတာပေါ့လေ"

မေရီ။ "ကျွန်မစိတ်မအေးပါဘူး။ စိတ်ထဲမှအင်မတန်ပူနေတာပါပဲ။ သို့သော်လည်း သူတို့ရတ်တရက်ပေးစားလိမ့်ဦးမယ် မထင်တာနဲ့ စောင့်ရ ရင်ကောင်းမလားလို့ ကျွန်မတွေးနေတာပဲ။ သည့်အပြင် သူတို့စီမံထားတဲ့ လူက ကျွန်မကိုကြိုက်မှာမဟုတ်ဘူး"

မောင်မောင်ခ။ "မေရီ သည်စကားကို ဘာပြုလို့ မင်းပြောရသလဲ။ မင်းကိုမြင်ပြီးတဲ့လူသည် ဤကမ္ဘာပေါ်တွင်မကြိုက်နိုင်တဲ့ လူရှိဦးမှာလား မင်းမှာပညာကလည်းရှိ၊ ရုပ်ကလည်းချော၊ ဥစ္စာကလည်းပေါ မင်းကိုမြင် သောသူတိုင်း အရူးလိုဖြစ်နေတာ ငါအသိသားပဲကွယ်။ မင်းက ဟောဒီလို ပြုံးလေကြိုက်သူတွေပေါလေပေါ့"

မေရီ ။ "ဂျော့စိတ်သာချပါ။ ဘယ်သူ့ကိုမှ မြူသလိုပြုံးပြီးလည်း မကြိုက်ပါဘူး။ ကြိုက်ရင်လည်း လက်မခံပါဘူး ဂျော့တစ်ယောက်က လွဲရင် ဘယ်သူ့ကိုမှ မယူပါဘူး"

ဂျော့ ။ "ဒီလိုဖြစ်ရင် ဘာပြုလို့ ဆိုင်းပြီးနေရမှာလဲ၊ လာခဲ့ပါ ငါခေါ် တာကိုလိုက်ခဲ့ပါ။ မင်းနဲ့ငါနဲ့ကလောမြို့ကို တက်ပြေးပြီး အေးအေး ကလေးနေမယ်။ မင်းကိုကြိုက်တဲ့ယောကျ်ား ငါ့ကိုကြိုက်တဲ့မိန်းမ ကျန်ရစ် သူနှစ်ယောက်ညားရစ်ခဲ့အောင်လုပ်လိုက်မယ်" ဟုပြောကာ မညွန့်ကိုပွေ့ဖက် ယူလေရာ မညွန့်မှာငြင်းဆန်ခြင်းမဖြစ်နိုင်သောကြောင့် မောင်မောင်ခ၏

mgyoe.com

mgyoe.com

ရင်ခွင်တွင်ပြောင်းမေ့လျှော့ကာ ပျားရည်အိုးတွင် ကျအပ်သော ပုရွက်ဆိတ်ပမာလို လက်ခြေတို့မှာ မလှုပ်ရှားဘဲ မှိန်းနေပြီး "(ဂျော့) ကျွန်မ မငြင်းနိုင်တော့ပါ။ ခေါ်ရာကို ကျွန်မလိုက်ပါတော့မယ်"ဟုပြောလေလျှင် "ဟုတ်ကဲ့လား မစွမေရီရဲ့။ ငါစိတ်ချရတော့မှာလား၊ ဒီအတိုင်းမှန်ရင် ကမ္ဘာလောကကြီးမှာ ငါ့ထက်ကံကောင်းတဲ့လူရှိသေးရဲ့လား"ဟု ပြောကာ ကန္တဲ့ကလျပျော့ပြောင်းသော မညွန့်ကလေးကို ပွေ့ရင်းပြောလေ၏။

နောက် ၇ ရက်လောက်ကြာသောအခါ မောင်မောင်ခနှင့် မညွန့်တို့မှာ ပျောက်ချင်းမလှ ပျောက်၍သွားကြလေ၏။

ဖေဖေ ကျွန်မဖြင့် ဖေဖေပေးစားမယ့်လူကိုယူရမှာ ကြောက်လွန်းလို့ ကျွန်မချစ်တဲ့ရည်းစားနဲ့ လိုက်ပြေးပါပြီ။ ကျွန်မယောကျ်ားသည် ကျွန်မကို ကလေးကဲ့သို့ပြုစုပါသည်။ ဖေဖေတို့စိတ်ကျေမှ လာဝံ့ပါတော့မည်။

မညွန့်

သူဌေးဦးသန့်သည် စာတစ်စောင်ကိုရရှိလေ၏။ ၎င်းစာမှာ အောက်ပါအတိုင်းဖြစ်လေ၏။

မွေးသဖခင် ကျေးရှင်ခင်ဗျား။ ကျွန်တော်နှင့်မရေမရာ ပေါ့နန့်သော (မိန်းမနှင့်ပေးစားရန် ကြံစည်တဲ့အတွက်များစွာ ဝမ်းနည်းပါသည်။) ကျွန်တော် စွဲစွဲမြဲမြဲချစ်မည်ဖြစ်သော မိန်းမတစ်ယောက်နှင့် ထွက်ပြေးရပါသည်။ ကျွန်တော်ကို အပြစ်လွှတ်ပါ။ ဖေဖေပေးစားမည့် မိန်းမကိုယူဖို့ အလွန်ခဲယဉ်းပါကြောင်း။

မောင်ခ

ထိုစာကိုရသောအခါ ဦးသန့်သည် ရန်ကုန်သို့လိုက်လာရာ ဦးခန့်နှင့်တွေ့ကြလျှင် အသီးသီးစာများကိုဖတ်ကာ ယူကျုံးမရဖြစ်ကြလေ၏။

နောက်နှစ်လလောက်ကြာသောအခါ ဝါခေါင်လတွင် သပြေကသီးရေကကြီးသန့် ဆီးကင်းကကြွေမိုးကစွေနှင့် မွေးမေတို့ထံပြန်ချင်ပြီ ကိုဒါသရယ်လမ်းပြပါဦးဆိုတဲ့ သီချင်းလို မိခင်ဖခင်တို့ထံပြန်ချင်စပြုလာလေ၏။

mgyoe.com

တစ်နေ့သောညနေအချိန်တွင် မညွန့်သည် မိမိသည် မောင်မောင်ခနှင့်မပေါင်း မယ်သင်နှင့်လှည့်ပတ်ပုံကိုပြောပြလေရာ မောင်မောင်ခက ဟိုက် မှားကုန်ပြီ၊ လူကြီးတွေ မျက်နှာပျက်စရာဖြစ်ကုန်ပြီ လာလာနံနက်ပြန်မှပဲ ဆိုကာ အထုပ်အပိုးများကိုပြင်ကြလေ၏။

နောက် နှစ်ရက်ခန့် ကြာသောအခါ မောင်မောင်ခနှင့်မညွန့်တို့ စုံတွဲမှာ ဝမ်းသာအားရနှင့် ဦးခန့်အိမ်သို့သွားကြရာတွင် မညွန့်က "ရှင်အပြင်မှာနေဦး"ဆိုကာ ဖခင်သတင်းစာဖတ်နေသောအခန်းသို့ ခြေဖျားထောက်ကာ ဝင်သွားပြီး အသာရပ်နေရာ ဖခင်မှာ သတင်းစာကိုအချတွင် မညွန့်ကိုချစ်တာကတစ်မျိုး ဒေါသတာကတစ်ဖုံနှင့် "နင်ငါ့ဆီကို ဘာပြုလို့လာရသလဲ။ နင့်လင်ဗိုလ်စုတ်ကောဘယ်မှာလဲ နင့်ကိုကန်ပစ်လိုက်တယ်မဟုတ်လား"

"ရှိပါတယ် ပါပါ၊ ထွက်ခေါ်လိုက်မယ်" ဆိုကာ မောင်မောင်ခကို ခေါ်ကာ "ဟောဒါ ကျွန်မဖခင်ပါပဲ"ဟုပြရာတွင် ဦးခန့်သည် ကြက်သေသေစွာ ကြည့်နေပြီးမှ "မင်း ဘယ်သူ့သားလဲ ဘာလုပ်သလဲ"

"ကျွန်တော်ပုသိမ်က ဦးသန့်သားပါ။ ကျွန်တော့်နာမည် မောင်ခပါ ကျွန်တော်ဝတ်လုံပါ"ဟု ပြောရာ ထိုအခါဦးခန့်အံ့အားသင့်ကာ ဝမ်းသာလုံးကြီးဆို့ပြီး ဦးသန့်ထံ အမြန်သံကြိုးရိုက်၍ ခေါ်လေ၏။

နောက်တစ်နေ့တွင် ဦးသန့်ရောက်လာရာ မိမိသားနှင့်ချွေးမကို တွေ့ရသဖြင့် အားရပါးရဖြစ်ကာ "မင်းတို့ကိုယ်ကိုမင်းတို့ဘိလပ်သားတွေ လုပ်လို့သာဒီလိုဖြစ်တာ ကဲ ကဲပြီးတာထားလိုက်ကြ၊ ကဲကျောင်းဒကာ နေ့ကောင်းရွေးပေတော့"

(နောက်တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ဂျူဗလီဟောရုံကြီးတွင်) မောင်မောင်ခ ဘီအေဘီအယ်လ်နှင့်မညွန့်တို့ မင်္ဂလာပွဲထိုင်ကြီး ကျင်းပလေသတည်း။

*ကဝိမျက်မှန်မဂ္ဂဇင်း၊ မတ်လ၊ ၁၉၂၉ ခုနှစ်။*

mgyoe.com

mgyoe.com

# ဉာဏ်ကြီးရှင်

မဖွားမြင့်သည် မိမိ၏ဆိုင်အခမ်းအနားကို သားနားခန့်ညားလှပစွာ ပြင်ဆင်ပြီး၍ ကုလားထိုင်တစ်ခုမှာထိုင်ပြီး ကျောက်ဖြူစားပွဲငယ်ပေါ်၌ မေးထောက်ကာ လမ်းမဘက်သို့ မျှော်၍နေလေ၏။

ထိုနေ့သည် ဆိုင်ဖွင့်၍ပြီးသော ပထမနေ့ဖြစ်လေရာ နံနက်မိုးလင်းကတည်းကစ၍ ဖောက်သည်များကို မျှော်၍နေလေ၏

နာရီကိုမော်၍ ကြည့်လိုက်သောအခါ ကိုးနာရီဖြစ်လေ၏။ တစ်



mgyoe.com

mgyoe.com


ယောက်မျှမလာသေးချေ။ လမ်းမ လျှောက်၍သွားသောသူတို့သည်ကား "မျိုးမြင့်"လက်ဖက်ရည်ဆိုင်ဟူသော ဆိုင်းဘုတ်အသစ်ကို မြင်သည့်အခါ မပဲ့ပူတရုတ်စရပ်သားကိုမသကာသော မျက်လုံးများနှင့် ကြည့်သလိုကြည့်ပြီး မိမိတို့သောက်နေကျမို့ လက်မှတ် ထိုးလာစရှိသောဆိုင်များရှိရာသို့သာ ကျော်သွားကြလေ၏။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ်သည် မြန်မာလူမျိုးပေါ်များသဖြင့် မြန်မာလက်ဖက်ရည်ဆိုင်ကို ဖွင့်ရလျှင် မြန်မာတွေများစွာသောက်ကြလိမ့်မည်ဟုကိုးစားပြီး မဖွားမြင့်သည် မိခင်သေဆုံးပြီးနောက် ကျန်သောငွေကလေး ၇၀၀လောက်ကို အရင်းတည်၍ ဖွင့်လှစ်ခြင်းဖြစ်လေ၏။

၎င်းဆိုင်၌ ချိဇာမုန့်၊ မြန်မာမုန့်အမျိုးမျိုးနှင့် တရုတ်လက်ဖက် ခြောက်၊ မြန်မာလက်ဖက်ခြောက်အမျိုးမျိုး၊ ကော်ဖီ၊ လက်ဖက်ရည်အချိုကိုကိုးတို့အပြင် ထမင်းစားလိုသူတို့သည်လည်း မြန်မာထမင်းဟင်းတို့ကို အစုံအလင်ရနိုင်လေသည်။

မဖွားမြင့်၏ ကွယ်လွန်သူမိခင်မှာ မော်လမြိုင်သူဖြစ်သဖြင့် အချက်အပြုတ် အမျိုးမျိုးကို တတ်သူဖြစ်သောကြောင့် မဖွားမြင့်သည် မီးဖိုချောင်နှင့်ဆိုင်ရာ အတတ်ဟူသမျှတို့ကို မိခင်ထံမှ လက်ထပ်သင်ကြား ရရှိခဲ့လေ၏။

မဖွားမြင့်၏အကြံမှာ လက်ဖက်ရည်ဆိုင်အဖြစ်မှ မြန်မာဟိုတယ်ဆိုင်ကြီးတစ်ဆိုင်ဖြစ်လောက်အောင် ကြံစည်ခြင်းဖြစ်လေရာ ထိုအကြံအထမမြောက်မီ အများကြီးအောင့်ကာ စောင့်ရမည်ကို မစဉ်းစားမိချေ။ အကြောင်းမူကား ဆိုင်ကို သားနားစွာဖြစ်ဖို့ရန် ငွေကုန်ခံနိုင်သော်လည်း ကုန်သောငွေကို ပြန်၍ရအောင်လုပ်ဖို့ရန် နည်းလမ်းသည်ကား မလွယ်ကူလှချေ။ အကယ်၍ ရိုးရိုးတန်းတန်း လူအများသွားရာလမ်း၌ မြန်မာထမင်းဆိုင်ရိုးရိုးကို တည်ခင်းဖွင့်လှစ်ရောင်းချမည်ဆိုလျှင် ဤမျှလောက်မပြင်ရ မဆင်ရ ရွှေစာလုံးဆိုင်းဘုတ်လည်းမကပ်ရဘဲ လျင်မြန်စွာနေရာ ကျဖို့ရှိ လေ၏။

သို့သော်လည်း မဖွားမြင့်မှာ ဆရာဖြစ်တန်းနှင့် အင်္ဂလိပ်စာဆယ်တန်း

mgyoe.com

mgyoe.com


အောင်သော ဆရာမလေးတစ်ယောက်ဖြစ်ခဲ့လေရာ ဆရာမအလုပ်မှ အညောင်းစွဲသဖြင့် မမာသောကြောင့် အလုပ်ထွက်ရပြီးနောက် ယခုတစ်ဖန် ကျန်းမာ၍အလာတွင် နောက်ထပ်မံ၍ ဆရာမအလုပ်ကို လုပ်ရမှာကို ကြောက်၍နေသူဖြစ်လေ၏။ အကြောင်းမူကား ငါနောက်တစ်ကြိမ် ဆရာမ အလုပ်ကိုလုပ်လို့ မမာမကျန်းဖြစ်ရင် သေလိမ့်မည်ဟု စိတ်အထင်ရောက်၍ နေလေ၏။

သို့ဖြစ်လေရာ မိန်းမသားဖြစ်ပါလျက် အလုပ်တိုက်တစ်ခုခုမှာ ဝင်၍ အလုပ်လုပ်ရလျှင် ဣန္ဒြေသိက္ခာမရ လွပ်လပ်ခြင်းလည်းရှိမည်မဟုတ်ဟု စိတ်၌အယူသီးပြီးလျှင် ငါ့ဘာသာလွတ်လပ်သောအလုပ်ကို လုပ်၍စားမည်ဟု ကြံစည်ခြင်းဖြစ်လေ၏။ အသက်အရွယ်မှာမူကား နှစ်ဆယ်ကျော်က လေးမျှဖြစ်လေရာ ရုပ်ရည်ကသားနားသဖြင့် ၎င်း၏သတင်းကောင်းကို ကြားရသူ ဂုဏ်အသရေရှိ ယောကျ်ားပျိုတို့သည် ၎င်း၏အကြောင်းကို တီးတိုးပြောကြသည်အခါ ဟေ့ မင်းလိုဝတ်လုံပေါက်စကလေး သူ့ကိုရရင် တစ်လေးကိုဆယ်လေးပေးမယ်။ မင်းလိုမြို့အုပ်လောင်းလား အနားတောင် သီရမှာမဟုတ်ဘူးဟူ၍လည်းကောင်း စမ်းဖူး၍မအောင်မြင်သောကြောင့် စိတ်နာသောသူတို့သည်ကား ဒီကောင်မလား၊ ရတာမလို လိုတာမရ လိုဖာနဲ့ ရလိမ့်မယ်ဟု ပြောကြလေ၏။

အဆိုပါနည်းအတိုင်း ဖောက်သည်ကို မျှော်၍နေရင်း စိတ်ကူးယဉ် သလောက် သားနားစွာခင်းကျင်းဆင်ပြင်၍ထားသော မိမိ၏ဆိုင်ကို ကြည့်ကာ ငါသည်လောက်တောင်နေရာကျကျ သန့်သန့်ပြန့်ပြန့်ခင်းကျင်း စီမံထားပါလျက် ဖောက်သည်တစ်ယောက်လောက်မှ မပေါ်လာသည်မှာ အဘယ်လိုအရပ်ဖြစ်ပါလိမ့်မလဲဟု ရပ်ကွက်ကို စိတ်ဆိုး၍နေလေ၏။

၎င်း၏အစေခံမိန်းမကလေးနှစ်ယောက်မှာလည်း ဖောက်သည် တစ်ယောက်ယောက်ပေါ်ပေါက်၍လာပေစေ အားရပါးရဆီး၍တိုက်လိုက် မည်ဟု လက်ဖက်ရည်ဖျော်နည်းကို စတိုင်ကျကျကြီး လေ့ကျင့်ခန်းထုတ်၍ ထားကြလေ၏။

mgyoe.com

mgyoe.com


သို့နေခိုက်တွင် ယောကျ်ားကြီးတစ်ယောက်သည် မျက်စိလည်လမ်းမှား၍လာသလို ဆိုင်ဘက်သို့ရောက်၍ လာလေရာ မယ်သိန်းခေါ်သူ ရှပ်ပလာမက ပြာလောင်ခတ်ကာ လာပြီမမ လာပြီ လာပြီ။ ဟဲ့ မညို ပြင်ဟဲ့၊ ပြင်ဟဲ့ မူတူးကော ဘယ်သွားအိပ်နေသလဲ၊ လာကုန်ပြီ လာကုန်ပြီဟု ပြောရာ မူတူးနှင့်မညိုတို့သည် ဖောက်သည်ကို ဝိုင်း၍ဖမ်းကြတော့မလို ဟန်ပြင်၍ နေကြလေ၏။

မဖွားမြင့်သည်လည်း ရည်းစားကိုမျှော်ရသည်ထက် ပူပင်စွာမျှော်ရသော ဖောက်သည်ယောကျ်ားကြီးဝင်၍လာသောအခါ ပထမဝယ်မည့်သူ ဖြစ်သဖြင့် အတိုင်းမသိ ဝမ်းသာအားကြီးသောကြောင့် မိမိ၏အပါးသို့ ၎င်း ယောကျ်ားကြီး ဖြတ်၍ဝင်လာသောအခါ ၎င်းဖောက်သည်ကြီး၏ အငွေ့အသက်ကိုခံလိုက်ရရုံနှင့် ရှိန်းခနဲဖြစ်ရသလိုထူးခြားသောဝမ်းမြောက်ခြင်း၏ ဝေဒနာကို ခံစားရလေသတည်း။

မယ်သိန်းသည် အားရအားကြီးသဖြင့် ဖောက်သည်ကြီးထံသို့ အူယားဖားယားပြေးလာရာ ကုလားထိုင်ကို တိုးမိသဖြင့် မှောက်ထိုးမလဲရအောင် မနည်းကြီးသတိထားရလေ၏။ ဖောက်သည်ကြီးနှင့် ရင်ဆိုင်တွေ့မိသောအခါ ထိုင်ပါရှင်၊ ဘာအလိုရှိသလဲ၊ ကျွန်မတို့ဆီမှာ လက်ဖက်ရည် အကြမ်း၊ အနု တရုတ်တမာဆာဒါအချို၊ ကိုကိုး၊ ကော်ဖီ၊ ဘီစကွတ်၊ ကိတ်မုန့် အမျိုးမျိုးရှိပါတယ်။ လိုရာပြောပါ ထိုင်ပါ။ ထမင်းဟင်းများလည်းရနိုင်ပါတယ်။ ဝက်သား၊ ကြက်သား၊ အမဲသား၊ ဝမ်းဘဲသား၊ ဆိတ်သားအမျိုးမျိုး စားစရာရှိပါတယ်ဟု ဤအလုပ်ကိုစ၍လုပ်ရန် မဖွားမြင့်နှင့်ခေါင်းချင်းဆိုင်၍ တိုင်ပင်ခဲ့သော လွန်ခဲ့သောခြောက်လခန့်အခါကစ၍ ကျက်ထားသောဈေးခေါ်စကားများကို လည်လည်ပတ်ပတ် နူးနူးနပ်နပ်၊ ပြတ်ပြတ်သားသား ပီပီသသ နှုတ်လျှာရွှရွ ဒီဃရဿ ဆန်းအလင်္ကာဂိုဏ်းညီစွာ ရွတ်ဆိုခြင်းပြုလိုက်လေလျှင် ဖောက်သည်ကြီးမှာ တောနယ်မှရောက်လာသူဖြစ်လေရကား ထိတ်လန့်တကြားဖြစ်ကာ မယ်သိန်း၏မျက်နှာကိုကြည့်ပြီး ငါတစ်ခုခုမဝယ်ရင် ဇိကုတ်ကာကုပ်ကို

mgyoe.com

mgyoe.com


စီးလိမ့်မလားဟု တွေးတောကြောက်ရွံ့သော လက္ခဏာနှင့် မယ်သိန်းကို ကြည့်ကာ သင်ပုန်းကြီးစာအုပ်ခြောက်စောင်တွဲ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာသွေချိုင့်၊ နမက္ကာရပါဠိရောအနက်ရော ပါတဲ့စာတစ်အုပ်နဲ့ စရကပွေးနှင်းရူလိမ်းဆေးကြီး မရနိုင်ဘူးလားခင်ဗျာဟုလွယ်အိတ်နှင့် မျက်နှာကိုသုတ်ကာ မေးလေ၏။

မဖွားမြင့်၊ မယ်သိန်း၊ မယ်ညိုတို့မှာ ထိပ်ကိုတင်းပုတ်နှင့်နှက်လိုက်လျှင် ဤမျှလောက် ထိတ်လန့်မည်မဟုတ်။ ယောကျ်ားကြီးကိုကြည့်ကာ အံ့အားသင့်လျက် ကြောက်ငေးကြီးငေး၍ နေကြရလေသတည်း။

မယ်ညိုသည်ကား မျက်စောင်းထိုးကာ ခေါင်းငဲ့လျက် ရန်တွေ့၍ ထုတ်တော့မည်ပြုလေရာ မဖွားမြင့်က မျက်နှာနီလျက်ပြုံးပြီးမိမိ၏နှုတ်ခမ်းကို လက်ညှိုးနှင့်ကပ်ကာ မယ်ညိုကိုကြည့်လိုက်ပြီး ဖောက်သည်ကြီး ကျွန်မတို့ဆိုင်မှာ ဒါတွေမရှိဘူးရှင့် ရှင်ပြောတဲ့ပစ္စည်းများဟာ ဆူးလေဘုရားဈေးများမှာ ရနိုင်ပါတယ်ဟု ပြောလေ၏။

ထိုအခါ ယောကျ်ားကြီးက ဟင် အမိတို့ဆိုင်က ခင်းထားတာကတော့ သားသားနားနား ဘာမှမစုံလင်ပါကလား။ ဘကြီးတို့ရွာကိုရောက်လာတဲ့ အထမ်းသည်များတော့ ခြုံကစပြီး ကြေးစည်အထိလိုရာကိုရတာပဲ၊ အခုအထမ်းသည်တွေ မလာတာသုံးလကျော်သွားပြီ။

မြင့်။ "ကျွန်မတို့ဆိုင်က ဖွင့်စမို့ပါ။ နောက်တဖြည်းဖြည်းတော့ စုံပါလိမ့်မယ်"

"သည်လိုဖြင့် ဆူးလေဘုရားပြန်ရမှာက အဝေးကြီးပါကလား ရေကျော်မှာ စက်လှည့်ဘီးဝယ်ရင်း သည်ဘက်ကိုရောက်လာတာနဲ့ ဘကြီးတို့အိမ်နားက မထွေးဆိုတာက ပေါင်မှာ နှုတ်ခမ်းထူထူနဲ့ အကွက်ပေါ်သည့်အတွက် ဆေးမှာလိုက်လို့ ဘကြီးမြေး သာဒွန်းဦးလည်း နက်ဖြန် ဦးတေဇဝန္တကျောင်းပို့ဖို့ရှိတာနဲ့ စာအုပ်ရောဆေးရော တစ်ပါတည်းဝင်ပြီး ဝယ်ရအောင်လာတာပဲ၊ ဘကြီးက ဦးတေဇဝန္တရဲ့ ကျောင်းဒကာပေါ့၊ ကျောင်းဒကာ ဖိုးသာတိုတဲ့၊ အမိတို့မှတ်ထား။ ရောက်ရင်ပေါက်ရင်ဝင့်တာ

mgyoe.com

ပေါ့။ နို့သည်မှာ ဘာများရနိုင်သလဲ"

"လက်ဖက်ရည် ထမင်းရနိုင်တယ်ရှင့်။ သောက်မလား"ဟု မယ်ညိုက မေးလေ၏။

"ဩော် နေရာကျလိုက်တာ၊ ဘကြီးဆာလာတာနဲ့ အခန့်သင့်ပဲ။ မန်းမရွေးနဲ့ လက်ဖက်ရည်ပြင်လိုက်စမ်း"ဟု အရေးပါပါအသံနှင့်ပြောလေ၏။

"မုန့်မရွေးမရှိဘူးရှင့်၊ ကိတ်မုန့်၊ ဘီစကွတ်မုန့် ကော်ဖီ၊ လက်ဖက်ရည်ရှိတယ်"

"အေးလကွယ်။ ရှိတာသာပြင်လိုက်ပါ၊ ကျသလောက်ပေါ့"ဟု ပြောရာ မယ်ညိုသည် လက်ဖက်ရည်ချိုချိုကြီးနှင့် အချိုဆုံးသောချိုစာမုန့်များကို ထည့်၍ပေးရာ ဖောက်သည်ကြီးသည် လက်ဖက်ရည်ကိုမြည်းပြီး "အင်း ချိုလိုက်တာအေးလို့၊ တယ်ကောင်း" ဟုပြောလေ၏။

မယ်ညိုရော မယ်သိန်းရော ကုလားကလေးရော မဖွားမြင့်ရော ဖောက်သည်ကြီး၏အနား၌ ဝိုင်းရံကာ အလိုရှိသမျှကိုပေးရန် ရွှင်ပျသော မျက်နှာများနှင့်ကြည့်၍နေကြလေ၏။

ဖောက်သည်ကြီးသည် မုန့်ကိုစားကြည့်ရာ အရသာရှိသဖြင့် အကုန်စားလေ၏။ ပြီးသောအခါ ဘယ်လောက်ကျသလဲဗျဟုမေးရာ မယ်သိန်းက တစ်မတ်နဲ့သုံးပြားရှင့်ဟု ပြောလေလျှင် "အေး ဒါကြောင့်လည်း ကောင်းပေတာကိုး"ဟု လေးလံစွာပြောပြီး အိတ်ကပ်ထဲမှာထည့်၍ထားသော လက်ကိုင်ပဝါမည်းမည်းညိုညိုကလေးနှင့် ကျစ်၍နေအောင်ထုပ်ထားသော အထုပ်ကလေးထဲမှ ငွေတစ်မတ်နှင့်သုံးပြားကို ဖြည်ထုတ်၍ပေးပြီး "ကျော်ရော့ ဒီး။ တစ်ထိုင်တည်း ငွေတစ်မတ်ဟာ လူကြုံပြောရောဆိုတာ ကျနေပြီ"ဟု ပြောလေ၏။

ထိုအခါ မဖွားမြင့်က ငွေတစ်မတ်နဲ့သုံးပြားကို မယ်ညိုထံမှယူကာ "ဘကြီးပထမလာပြီးသောက်တဲ့ ဖောက်သည်မို့ ကျွန်မတို့အလကား ကုသိုလ်ဖြစ်တိုက်လိုက်ပါတယ်။ ပိုက်ဆံကိုပြန်ယူပါ"ဟု ပြော၍ပြန်ပေးလေ

mgyee.com

mgyoe.com

ရာ ယောကျ်ားကြီးသည် အံ့အားသင့်ကာ မဖွားမြင့်၏ မျက်နှာကိုကြည့်လျက် "အင်း သာဓု သာဓုဘုန်းကြီးပါစေ။ သက်ရှည်ပါစေ။ ရောင်းလို့ကောင်းပါစေ။ အင်း ရန်ကုန်သူ ရန်ကုန်သားများလိမ်တယ် ကောက်တယ် ညာတယ်လို့ပြောကြတာတွေ ဘယ်ဟုတ်လို့တုန်း။ လူကောင်းတွေပါက လား။ သာဓု သာဓု၊ ဦးကြီးသွားဦးမနော် ကြုံကြိုက်ရင် ကျောင်းဒကာဖိုးသာတိုလို့ မေးပြီးသာလိုက်ခဲ့ပါ။ တွံတေးနယ်မှာမေးရင် လူတိုင်းသိပါတယ်"ဟု ပြောပြီး ထွက်သွားလေ၏။ ထိုအခိုက်တွင် မောင်ကွန်းနှင့်ဘရွှေတို့ရောက်လာလေ၏။ မဖွားမြင့်သည်ကား ၎င်းတို့ကိုမြင်သောအခါ ပြုံး၍နေလေ၏။

ကွန်း။ "ဘယ့်နှယ်လည်း မမြင့် ဈေးဦးပေါက်ပလား"

မဖွားမြင့်သည် လေးလံစွာခေါင်းခါပြီး "မပေါက်သေးပါဘူး။ သည်လိုသာနေရင်ဦးသာတိုနောက်လိုက်ရလိမ့်မယ်ထင်တယ်"ဟုကြွေနှင့် ပြောလေရာ မောင်ကွန်းနှင့်ဘရွှေသည် နားမလည်သဖြင့် မျက်လုံးပြူးကာ ကြည့်၍နေကြလေ၏။

မယ်ညိုနှင့်မယ်သိန်းတို့သည်ကား တခစ်ခစ်ရယ်၍နေကြလေ၏။

ကွန်း။ "မဖွားမြင့် ဘာပြောတာလဲ"ဟု မေးလေ၏။

မယ်သိန်းသည် ပြေး၍လာပြီး အကျိုးအကြောင်းကိုပြော၍ပြလေရာ မောင်ကွန်းသည် ရယ်မောလေ၏။ ဘရွှေသည်ကား ဆေးတံကိုသောက်လျက် နည်းနည်းမျှသာပြုံး၍နေလေ၏။

ကွန်း။ "ကိုင်း ... သည်လိုဖြင့် တို့များဈေးဦးဖောက်မယ် ပြင်စမ်း။ တို့ထမင်းမစားရသေးဘူး၊ ဘာဟင်းရှိသလဲ"ဟု ပြောကာ စားပွဲတစ်ခုမှာ ထိုင်လေ၏။ ဘရွှေသည်ကား "ဟေ့ ငါဆိုင်ကထမင်းကို မစားဘူး"ဟု ပြောလေ၏။

မယ်သိန်းက– "ကိုဘရွှေက ကျွန်မတို့ဆိုင်ကို ကုလားဆိုင်တွေလို မှတ်လို့ပြောတာလား။ စားကြည့်ပါ၊ ရှင်တို့အိမ်က ဟင်းထက်သာပါတယ်" ဟု ပြောလေ၏။

mgyoe.com

ဘရွှေလည်းလာ၍ထိုင်ပြီး "ဘာဟင်းများမို့လဲဗျာ၊ ကိုင်း-စားကြည့်ရတာပေါ့။ ဩော် ... မဖွားမြင့် မဖွားမြင့် ကြံကြံစည်စည် လက်ဖက်ရည်ဆိုင်ကိုဖွင့်တာ ဘယ်သူကများအကြံပေးလို့လဲ၊ ဗမာဖွင့်တဲ့လက်ဖက်ရည်ဆိုင်ထဲက ဘယ်နှစ်ဆိုင်ဖြစ်မြောက်လို့ သည်အလုပ်ကိုလုပ်တာလဲ"ဟုပြောပြီး ခါးထောက်ကာ ကုလားထိုင်နောက်မှီမှာ ကိုယ်လက်များကို ဆန့်ကာမှီလျက် ဆေးတံကိုထောင်နေအောင်ကိုက်၍ ပြောလေ၏။

ထိုနောက် စားဖွယ်သောက်ဖွယ်တို့ကို ပြင်ဆင်ပြီးနောက် စားသောက်ကြလေ၏။

မဖွားမြင့်က "သူများလုပ်လို့မဖြစ်တာမှ ဖြစ်အောင်လုပ်ချင်တာ"

ရွှေ။ "တခြားလုပ်စရာအလုပ်တွေများလွန်းလို့ ခင်ဗျားလက်ဖက်ရည်ဆိုင်ထက် ကောင်းတဲ့အလုပ်တွေပြည့်လို့ပါ။ ကျွန်မက လက်ဖက်ရည်ဆိုင်ကိုမှဖွင့်ချင်တာကိုး ကိုဘရွှေရဲ့"

"လက်ဖက်ရည်ဆိုင်ထက် ဂုဏ်ရှိတဲ့အလုပ်တွေမရှိဘူးလား"

"ကျွန်မစိတ်အထင်ဖြင့် လောကမှာခိုးတိုက်စားတဲ့ အလုပ်မဟုတ်ရင်ဘယ်အလုပ်မဆို ဂုဏ်ရှိတယ်လို့ ထင်တာပဲ။ ကျောင်းဆရာ၊ စာရေး၊ စက်လုံးစက်နှိပ်သမားစသည့် လခစားအလုပ်များကိုမှ ဂုဏ်ရှိတဲ့အလုပ်လို့ခေါ်ရမလားရှင့်။ လက်ဖက်ရည်ကိုသောက်သူများ ကောင်းကောင်းသောက်ရအောင် စိတ်ကောင်း စေတနာကောင်းနဲ့ဖျော်ပြီး ရောင်းရင်းကောမကောင်းဘူးလား"

"မင်းတို့ကာလ မျိုးချစ်ယောင်ယောင် ဝံသာနုယောင်ယောင် အမျိုးသမီး အမျိုးသားတွေဟာ စိတ်နေသဘောထား အင်မတန်အောက်ကျတာပဲ။ လက်ဖက်ရည်ဆိုင်ဖွင့်လားဖွင့်ချင်ရဲ့၊ ရှာလပတ်ရည်ဆိုင်ဖွင့်လားဖွင့်ချင်ရဲ့"

"သည်အလုပ်များဟာ ဝံသာနုနဲ့ ဘာမှမသက်ဆိုင်ဘူး။ ကျွန်မတို့ကာလမျိုးချစ်အမျိုးသား အမျိုးသမီးများကိုလည်း မျိုးချစ်ယောင်ယောင်လို့ ကိုဘရွှေပြောဆိုကဲ့ရဲ့ဖို့ ဘာမှမရှိဘူး။ ကျွန်မတို့ အမျိုးသားကိုချစ်လို့ အမျိုးသားအချင်းချင်းကို ကောက်ကျစ်စဉ်းလဲ လိမ်လည်ပြီးမစား။ လူမျိုး

mgyee.com

mgyoe.com

ကွဲအောက်မှာလည်း ကျွန်မခံဘဲ လက်ဖက်ရည်ဆိုင် အဖျော်ဆိုင်ဖွင့်တာကို ဘာမှကဲ့ရဲ့အပြစ်တင်စရာမရှိပါဘူး"

ကွန်း။ "အိုင်ဆေး အလုပ်တစ်ခုခုကို လုပ်နေသူတစ်ယောက်ကို စိတ်ပျက်အောင်မပြောပါနဲ့၊ မင်းတို့ငါတို့တာဝန်ကဖြစ်မြောက်အောင်မြင် အောင်ကူညီဖို့သာရှိပါတယ်"

"ဘယ်လိုကူညီရမှာတုန်း။ဖောက်သည်တွေကို နားရွက်ဆွဲပြီးခေါ်လာ လို့ဖြစ်သလား သူငယ်ချင်းရဲ့"

"မင်းက သည်အရပ်တွေမှာ အတော်သြဇာရှိတယ်။ မင်းအဖေမသေမီ က မင်းတို့ဒီမှာနေတာမဟုတ်လား"

"ငါ့မှာသာသည်လို သြဇာရှိရင် လိုက်ပြီးပြောမှာပေါ့။ မြန်မာလူမျိုးမှန်ရင် မြန်မာဆိုင်မှာသာသောက်ဖို့ ဟောရင် သောက်ကြမှာပဲ"

"မင်းပြောသလိုဖြင့် အလုပ်တစ်ခုခုကို လုပ်မယ့်ကြံရင် ဓမ္မကထိက ဆရာတွေဘုရားရှိမလိုက်ရှိနေတာပေါ့"ဟု ဘရွှေက ပြန်၍ပြောလေ၏။

စားသောက်ပြီးလျှင် ပိုက်ဆံကိုပေးကြပြီး အတန်ငယ်ဆက်လက် ဆေးလိပ်သောက်၍နေပြီး ထွက်သွားကြလေ၏။

မသွားမီဘကွန်းက "မဖွားမြင့် စိတ်မလျှော့နဲ့၊ ကြိုးစားသာလုပ်ပါ။ နေရာကျပါလိမ့်မယ်"

ကိုဘကွန်း ဘယ်တော့လာဦးမလဲ"ဟု မဖွားမြင့်ကမေးလေ၏။ မဖွားမြင့်သည် မောင်ဘကွန်းကို မိမိထက်ပိုမို၍ ဂရုစိုက်ကြောင်း မောင်ဘရွှေ မြင်သောအခါ မျက်နှာညိုး၍သွားလေ၏။

ကွန်း။ "ငါလေ မပြောတတ်သေးဘူးကွယ်၊ အခုတလော အလုပ်တွေ အများကြီး ကြွေးတင်ပြီးနေတယ်။ အခန့်သင့်တဲ့အခါလှည့်လာဦးမယ်၊ အိုင်ဆေး ကိုဘရွှေ၊ ခင်ဗျားတော့ လူအားပဲ၊ တစ်ဆိတ်လာပြီး နှုတ်စောင်မ လက်စောင်မဆိုသလို ဂရုစိုက်လိုက်ပါ။ ကျုပ်တို့မှာမိတ်ဆွေတို့သဘော အရကူညီဖို့ တာဝန်ရှိပါတယ်"ဟု ပြောလေ၏။

ဘရွှေ။ "မပြောတတ်ဘူး၊ လာကူညီချင်တာပေါ့၊ ဘယ်လိုကူညီရ

mgyoe.com

mgyoe.com


မလဲမသိဘူးလေ။လက်ဖက်ရည်သောက်ဖို့နေ့လည်စာစားဖို့တော့လာမှာပဲ"

"ရှင်တစ်ယောက်တည်းလာပြီး သောက်လို့ ဘာဖြစ်လောက်မလဲ ကိုဘရွှေရဲ့။ ရှင်သူငယ်ချင်းတွေ ဘာတွေလည်းခေါ်ခဲ့ပါ"

"အေးအေး ငါ့သူငယ်ချင်းတွေက လမ်းမတော်မှာ နင့်ဆီကို ဓာတ်ရထားခ အကုန်ခံပြီး လာသောက်လိမ့်မယ် ငါပြောတဲ့စကားတော့ နားမထောင်ဘူး။ ထောင်ရင်အေးနေကြာလှပြီ"ဟု ပြောလေ၏။ ထိုအခိုက်တွင် ဘကွန်းသည်လမ်းမသို့ရောက်ပြီး မိတ်ဆွေတစ်ယောက်နှင့်ကြုံကြိုက်သဖြင့် ဆိုင်ကိုပြကာ ဝံသာနုမျိုးချစ်လက်ဖက်ရည်တရားကို ဟောဍ္ဍနေလေ၏။

"ရှင်ဘာပြောဖူးလို့လဲ"

"ငါ့ကိုယူရင် ဒီဒုက္ခတွေကိုတွေ့ရမှာမဟုတ်ဘူး၊ အေးအေး ကလေးမော်တော်ကားစီးနေရမှာ"

"ရှင်က သူဌေးသားကိုး မှန်ပါတယ်။ ကျွန်မက လင်ကိုမမှီချင်ဘူး၊ ကျွန်မလုပ်စာကိုသာ ကျွန်မစားချင်တယ်။ လင်လည်းမယူချင်၊ သားလည်းမမွေးဝံ့ပါဘူး၊ သွားပါ၊ ဖောက်သည်သာခေါ်ခဲ့ပါ"

"အေး ဖောက်သည်တော့ ငါတစ်ယောက်ရှိတာပဲ၊ နင်ဆိုင်ဖြစ်မြောက်ကြီးပွားရင် အဟုတ်လင်မယူဘူးလား"

"ဘာယူစရာရှိတော့လဲ၊ လင်ဆိုတာအားကိုးမရှိသူတွေသာယူကြရတာ"

"နင့်ဆိုင်ပျက်မှယူမယ်လား"

မြင့်။ "ပျက်ရင်တော့ ဒါတော့မပြောတတ်ဘူးလေ"

"နင့်ဆိုင်ပျက်မှာ ကျိန်းသေပဲ၊ စောင့်မနေနဲ့တော့ ပျက်လို့ယူမှာဖြင့် ငါကိုသာယူ။ ငါနင့်ကို ဘယ်လိုထားမယ်ဆိုတာ သိရဲ့လား နင်အင်မတန်ရူးတဲ့ကောင်မ၊ အကောင်းပြောမှန်း ဘာမှန်းမသိဘူး"

"သွား ... သွား ရှင့်ဒါတွေလာမပြောနဲ့၊ နောက်ဆက်ပြောရင် ဟောဒီတံမြက်စည်းနဲ့ရိုက်ထုတ်မယ်၊ ဘာမှတ်သလဲ"ဟု ပြုံးရယ်ကာပြောပြီး ကျော

mgyoe.com

mgyoe.com


ကို ဖျန်းခနဲရိုက်လိုက်လေရာ ဘရွှေသည် ခါးကော့၍ထွက်ပြေးလေ၏။

ထိုအခိုက်တွင် ဘကွန်းသည်လမ်းမ၌တွေ့ရသော မိတ်ဆွေတစ်ယောက်အား လက်ဖက်ရည်သောက်ဖို့ရန် နှုး၍နေရာ ၎င်းမိတ်ဆွေက ဗိုက်ကိုပုတ်ကာ ခုပဲဝက်ခြေထောက်စွပ်ပြုတ်တွေ သောက်လာလို့ပါ။ သူငယ်ချင်းရယ် ကျေးဇူးကြီးလှပါပြီ။ သွားဦးမယ်ဟုပြောကာ ထွက်သွားလေ၏။ မကြာမီသူငယ်ချင်းနှစ်ယောက်သည် လန်ချားနှင့် ထွက်သွားကြလေ၏။

နောက် ၇ ရက်လောက်ကြာသောအခါ ဘကွန်း တစ်ယောက်တည်း ပေါက်၍ လာလေ၏။

"ဘယ့်နှယ်လဲ မမြင့်ဟန်ရဲ့လား"

"မဟန်ဘူး ကိုဘကွန်းရေ။ ဘယ့်နှယ်အရပ်နဲ့တွေ့နေသလဲ မသိဘူး"

ဘကွန်းသည် လက်ဖက်ရည်အပြင်ခိုင်းပြီး စားပွဲမှာထိုင်လျက် "ငါ့မှာတော့ အခုတလော အတော်ကလေးပွနေတယ်ကွဲ့။ အလုပ်တွေများတာကတစ်ကြောင်း စနေနေ့ညနေက ငွေရှစ်ရာနိုင်လာခဲ့တယ်။ မင်းငွေများလိုရင် ..." ဟု ပြောလေ၏။

ဘကွန်း ပန်းချီဆရာဖြစ်လေရာ ဝတ္ထု မဂ္ဂဇင်း၊ သတင်းစာတို့မှစ၍ ရုပ်ရှင်များ အခြားအလုပ်တိုက်များမှ အခြားပန်းချီဆရာတို့ထက် အလုပ်ပိုမို၍ရသူဖြစ်လေ၏။

ကျွန်မဒီအလုပ်ကိုလုပ်တာ ငွေအလှူခံဖို့လည်းမဟုတ်။ ငွေချေးဖို့လည်းမဟုတ်။ ကျွန်မဖောက်သည်တွေကို ရောင်းလို့ရတဲ့ငွေမှတစ်ပါး ဘယ်ငွေကိုမှ မလိုချင်ဘူး"

"မင်းအဲဒီလို မာနကြီးလို့ခက်နေတာပဲ မင်းတစ်နေ့တော့ယောကျ်ားယူရမှာပဲ။ သည်တော့ ယူရမယ့်အတူ စောစောစီးစီး ယူတာမကောင်းဘူးလားမြင့်ရဲ့ ကျုပ်မမြင့်ကို တင့်တင့်တယ်တယ်မထားနိုင်ဘူးထင်လို့လား"

"ထားနိုင်တာတော့သိပါတယ်၊ နို့ပေတဲ့ ကျွန်မအလုပ်ကို လုပ်ကြည့်

mgyoe.com

mgyoe.com


ချင်သေးတယ် မဖြစ်တော့မှ ...”

“မဖြစ်ရင် မင်းငါ့ကိုယူမယ်လား”ဟု မေးသောအခါ မဖွားမြင့်သည် မောင်ဘကွန်း၏မျက်နှာကိုမျက်လုံးခပ်မှေးလန်လန်ကလေးနှင့်ကြည့်လျက် “ကျွန်မ မပြောတတ်ဘူး။ ကျွန်မအလုပ်အထမြောက်ရင်တော့ ယောကျ်ား မယူဘူး”

“မင်း ငါ့ကိုချစ်တယ်မဟုတ်လား ပြောစမ်း။ ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ၊ ချစ်တယ်ဆိုရင်တော်ပြီ”

“ကိုင်း ချစ်ပါတယ် ကိုဘကွန်းရယ်။ ကိုဘကွန်းကော ကျွန်မကိုချစ်တယ်မဟုတ်လား”

“ချစ်လို့သာ သည်လောက်တောင် အပင်ပန်းခံပြီး မင်းဆီကို သဲသဲမဲမဲ စွဲစွဲလမ်းလမ်းလာနေရတာပေါ့ မြင့်ရဲ့”ဟု ပြောကာ လက်ကိုကိုင်မည်ပြုလေရာ “မဖွားမြင့်က ဟင်းဘာမှတ်လို့လဲ။ ငွေကလေး လေးငါးရှစ်ရာပြပြီး ဘာလုပ်မလို့ကြံတာလဲ။ မျက်နှာကိုကြည့်စမ်း နှုးလို့ရမယ်ထင်သလား ” ဟုပြောလေရာ ဘကွန်းသည်ရယ်မောချ်နေလေ၏။

ထိုအခိုက်တွင် မဖွားမြင့်က ရှေ့ကိုကြည့်စမ်း၊ ကျွန်မတော့ပြေးရတော့မယ်ဟု ပြောလေရာ “မျိုးမြတ်စားပွဲရုံ”ဟူသော စာတန်းကိုမြင်ရလေလျှင် ဘကွန်းသည် အံ့အားသင့်၍နေပြီး စားပွဲကိုလက်သီးနဲ့ထုကာ “ဒါတမင်သက်သက်မင်းကိုလာပြီးသတ်တာ မဖွားမြင့်ရဲ့သိရဲ့လားမဖွားမြင့်မှာ ရန်သူတစ်ယောက်ယောက်ရှိလိမ့်မယ်”

“ကျွန်မမှာဘယ်က ရန်သူမှမရှိဘူး။ သူလည်းသူ့စိတ်ကူးနဲ့လာပြီး ဖွင့်တာပေါ့ ကိုဘကွန်းရဲ့”

ဘကွန်းသည် အတန်ကြာစွာ မျိုးမြတ်ဆိုင်ကိုကြည့်ပြီး ခေါင်းခါလျက် “ဒါတော့တမင် မဖွားမြင့်ကိုပြိုင်တာပဲ။ နေဦးသွားကြည့်ဦးမယ်”ဟု ပြောပြီး ၎င်းဆိုင်သို့သွားမည်ပြုလေရာ မဖွားမြင့်က “နေပါဦး ကိုဘကွန်း၊ သူတို့ဘယ်လိုလုပ်သလဲ အတုခိုးတန် ခိုးရအောင်။ ပြင်ဆင်ထားပုံကဖြင့် ခန့်တာပဲ ချီစာမုန့်တွေက သိပ်များတာပဲ အသိုးအပုပ်တွေမဟုတ်ရင်

mgyoe.com

mgyoe.com

အင်မတန်ကောင်းမှာပဲ"ဟု ပြောပြီးလိုက်လာလေ၏။

ငင်းတို့နှစ်ယောက် စားပွဲတစ်ခုမှာ ထိုင်ကြလေ၏။ ထိုအခိုက်တွင် ဘဏ္ဍာရောက်လာပြီး ငင်းတို့၏စားပွဲမှာပင်ထိုင်လေ၏ မကြာမီလက်ဖက်ရည်များရောက်လာ၍ သောက်ကြရာတွင် ...

ထိုဆိုင်၌ဝင်ရောက် စားသောက်သူဖောက်သည်တွေ အတော်များကြလေ၏။ အတန်ငယ်ကြာသောအခါ မဖွားမြင့်သည် မိမိ၏ဆိုင်သို့တစ်စု ဝင်လာသည်ကို မြင်သဖြင့်စားပွဲမှထပြီး မိမိဆိုင်သို့ကူး၍ပြေးလေ၏။

မိမိ၏ဆိုင်ထဲသို့ရောက်လျှင်ရောက်ချင်း မယ်သိန်းနှင့် မယ်ညိုတို့သည် ပြာလောင်ခတ်လျက်နေကြလေ၏။ "မမ ကျွန်မတို့မနိုင်တော့ဘူး မမလည်းကူပါဦး။ ဟောလာကြပြန်ပြီတစ်သိုက် အမယ်လေးမမရဲ့၊ အခုမှ ဟာန်ကျတာပဲ၊ လာလိုက်ကြတာ ကြည့်စမ်းမမရဲ့၊ ဒီလူတွေဟာ တစ်ယောက်မှ အမဲသားမစားဘူး။ ကြက်သား၊ ဘဲသား၊ ဆိတ်သား၊ ဝက်သား ချည်းစားကြတာပဲ မုန့်နဲ့ လက်ဖက်ရည်ကိုလည်း အတော်စားသောက်တာပဲ၊ တော်တော်လည်း အစားကောင်းတဲ့လူတွေမမရဲ့။ တယ်ပိုက်ဆံပေါတဲ့ လူတွေပဲ၊ ဟောဟိုက လူတစ်ယောက်ဖြင့် ကလေးတောင်ခေါ်လာတယ်" ဟု ပြောလေရာ မဖွားမြင့်သည် တစ်ယောက်လျှင် သုံးမတ်ဖိုးတစ်ကျပ်ဖိုး မြိန်ရည်ယှက်ရည် အားရပါးရစားကြသူတို့ကိုကြည့်ကာ မိမိကိုယ်တိုင် ထမင်းဆာလာလေ၏။

အတန်ကြာသောအခါ ထမင်းစားပြီး၍ လက်ဖက်ရည်များကို သောက်ပြီး တစ်ယောက်တလမ်းစီထွက်၍ သွားကြလေ၏။

(ငင်းလူများသည် လွန်စွာငြိမ်ဆိတ်သူများဖြစ်ကြလေ၏။) အကြောင်းမူကား စားသောက်ခြင်းအလုပ်ကို တာဝန်လိုငြိမ်သက်စွာလုပ်ကြလေ၏။

ထိုအခိုက်တွင် တစ်ဖက်ဆိုင်၌ တရုတ်ရုတ်ဆူညံ၍ နေကြလေ၏။ အကြောင်းမူကား ဘကွန်းက မိမိကို တောအညာသားမှတ်လို့ လက်ဖက်ရည်မှာသိပ်ပြီး ချိုချိုကြီးဖျော်ပေးရသလား၊ သည်ပေါင်မုန့်များဟာ ဘယ်

mgyoe.com


နှစ်ရက်ကြာလို့ အုတ်ချပ်ခဲလို မာနေရသလဲစသည်ဖြင့် ဆူပူလေရာ ဆိုင်ရှင်လုပ်သူများမှာ စကားမပြောနိုင်ဘဲ မျက်နှာပျက်၍နေကြလေ၏။ ထိုအခါ ဘရွှေကရန်ဖြစ်မှာစိုးသည့်အတွက် ဘကွန်းကိုတွဲထုတ်၍လာရလေ၏။

မကြာမီ ဘကွန်းနှင့်ဘရွှေသည် မဖွားမြင့်၏ဆိုင်သို့ ရောက်၍လာကြပြီးဖောက်သည်များကို မြင်ကြသောအခါ ဘကွန်းမှာလွန်စွာဝမ်းမြောက်လျက် ပြင်ဆင်ကျွေးမွေးခြင်းအလုပ်၌ အစေခံများအား ကူညီပြောဆို၍ပင်ပေးလေ၏။

ဘရွှေသည်ကားခါးထောက်လျက်ဆေးတံကိုကိုက်ကာ စားသောက်နေကြသူတို့ကို ကြည့်ပြီးပြုံးလေ၏။

ဖွားမြင့်က "ဘာပြုံးသလဲ ကိုဘရွှေရဲ့"ဟု မေးလေ၏။

"ဘယ်ကဇာလူလီ အစုတ်အပြတ်တွေကို လှူဒါန်းကျွေးမွေးနေတာလဲ"

"ဘယ်ကလှူရမလဲရှင့်၊ ရှင်တို့ချည်းပိုက်ဆံပေးနိုင်တယ်ထင်သလား၊ တစ်ယောက်ကို တစ်ကျပ် ငါးမတ်ဖိုးစားတဲ့ လူတွေရှင့်"ဟုပြောလေ၏။

"အင်း နေ့တိုင်းသည်လူတွေလာပြီး စားရင် နှင့်ဆိုင်ကို လူကောင်းသူကောင်းတွေ လာကြမှာပေါ့။ ငါတို့လိုအကောင်က သည်လိုဂုဏ်သရေရှိ လူတွေနဲ့ရောပြီး အတူတူစားဖို့လာကြလိမ့်မယ်"

စားသောက်သူတွေပြီး၍ ငွေကိုပေးဖို့လာကြသောကြောင့် ဖွားမြင့်သည် စကားကို ဆက်လက်၍ နားမထောင်နိုင်ဘဲ ပိုက်ဆံများကိုခံယူဖို့ စားပွဲသို့သွားလေ၏။

ဖောက်သည်များထွက်သွားကြ၍ ငွေကိုတွက်ကြည့်လိုက်သောအခါ နှစ်ဆယ်ကျော်ကျော်ရသဖြင့် ဖွားမြင့်သည်ငွေများကို ပြုံးလျက်ကြည့်ကာ "ဟန်ပြီ ကိုဘကွန်းရေ၊ ကိုဘကွန်းတို့ဆီက ငွေချေးဖို့လည်းမလိုတော့ဘူး။ ကိုဘရွှေလည်း သူ့မိတ်ဆွေတွေကို မခေါ်ချင်နေပါ၊ ကိစ္စမရှိတော့ပါဘူး။ ဒါထက် ဘယ်ကလူတွေပါလိမ့်၊ သည်လိုချည်းလာပါစေတော်၊ အတော်အစားကောင်းတဲ့လူတွေပဲ"ဟု ပြောလေ၏။

mgyoe.com

mgyoe.com

ထိုနည်းဖြင့် နေ့စဉ်နေ့တိုင်း ထိုအချိန်ကျလျှင် လူတွေတစ်ယောက်ပြီးတစ်ယောက် ဟိုကပေါက်လာ သည်ကပေါက်လာ တယောက်နှင့် တစ်ယောက်လည်း သိပုံမရ။ အချင်းချင်းလည်း စကားများစွာမပြောကြဘဲ လာရောက်ကာ လွန်ခဲ့သောနေ့ကလိုပင် ဝလင်စွာဖောဖောသီသီစား၍ သွားကြလေ၏။ လူများကိုကြည့်လိုက်သောအခါ အခြားလူသစ်မပါလာရင်းတိုင်းလူများသာ ထပ်ကာထပ်ကာလာကြသဖြင့် အသစ်အပိုတစ်ယောက်မှမပါ လာသည်ကို တွေ့ရှိရလေ၏။ စားသောက်ပြီးသောအခါ၌လည်း တစ်လမ်းစီးသွားကြလေရာ မဖွားမြင့်မှာ စဉ်းစားကျပ်၍ လာလေ၏။ အကြောင်းမူကား ၎င်းတို့၏ပုံပန်းကိုမြင်ရသောအခါ ဤမျှလောက်စားနိုင်သောက်နိုင်မည့် အခြေအနေရှိသူတစ်ယောက်ကိုမျှမတွေ့ရ၍င်းတို့ စားပုံသောက်ပုံ မှာလည်း များစွာရိုင်းစိုင်းလေ၏။ အချို့များမှာ အလွန်အစားကြီးကြလေ၏။ ၎င်းတို့မှာ သတ္တိချင်းတူသောအချက်တစ်ခုကိုလည်း တွေ့ရှိရလေ၏။ ထိုသတ္တိသည်ကား အခြားမဟုတ်၊ မိမိတို့စားသောက်သော ပန်းကန်များ၌ အကြွင်းအကျန်ဟူ၍ ကြွက်စားဖို့မဆိုထားဘိ၊ ပုရွက်ဆိတ်စာမှ မကျန်အောင် စားနိုင်သော သတ္တိဖြစ်လေ၏။

ထိုကဲ့သို့ နေ့စဉ်လာ၍ ၎င်းလူများစားကြသောအခါ ဖွားမြင့်မှာ ပိုက်ဆံပင်ရသော်လည်း များစွာစိတ်မကျေမချမ်းဖြစ်၍ လာလေ၏။

အကြောင်းမူကား မိမိဉာဏ်စွမ်းရှိသလောက် ဤကဲ့သို့ဆင်ပြင်၍ ထားသော လက်ဖက်ရည်ဆိုင်သည် ဤလိုလူစုတ်ပဲ့ အငတ်ငတ်အမွတ်မွတ် စားသူများအတွက် ရည်ရွယ်၍ဖွင့်သောဆိုင်မဟုတ်။ သားသားနားနား လူတွေအတွက် ဖွင့်လှစ်သောဆိုင်ဖြစ်လေရာ ဘဏ္ဍေ၏စကားကို သတိရမိလေ၏။ အကြောင်းမူကား လူစုတ်လူညစ်တွေလာ၍ စားသောဆိုင်၌ လူသန့်လူပြန့်လာ၍ စားမည်မဟုတ်သည့်ပြင် ဤဆိုင်၌လူညစ်တွေသာ လာ၍စားကြောင်းကို တစ်ဖက်ဆိုင်က နေ့စဉ်မြင်၍နေသည်ကိုပင် ရှုက်စပြုလေ၏။

တစ်နေ့သ၌ မောင်ဘကွန်းလာသောအခါ ဤအကြောင်းများကို

mgyoe.com

mgyoe.com


ပြောရှိပြလေလျှင် "ဘကွန်းသည့် စဉ်းစားကျပ်နေသော အမှုအရာနှင့် ဆိတ်ငြိမ်စွာနေပြီးမှ ရောင်းရပြီးရောပေါ့မမြင့်ရယ်၊ နောက်တော့ တစ်ဖြည်းဖြည်းကောင်းမှန်းသိတဲ့အခါကျတော့ ဟန်ဟန်ပန်ပန်လူတွေလည်း လာကြမှာပေါ့။ ဒီလိုလူတွေက လူကောင်းသူကောင်းထဲကို မဝင်ဝံ့ဘူး။ သည်တော့ လူချောင်ရာ ထမင်းဆိုင်ကို လာပြီးစားကြတာနဲ့တူတယ်" ဟုပြောပြီး၊ လက်ဖက်ရည်မှာ၍ သောက်လေ၏။ ထိုအချိန်သည်ကား အဆိုပါဖောက်သည်များ စားသောက်ပြီးစီး၍ သွားသောအချိန်ဖြစ်လေ၏။

မမြင့် သည်လိုဖြင့် ဆိုင်နေရာကျပြီး သည်ဘဝမှာယောကျ်ားယူဖို့ လိုတော့မှာမဟုတ်ဘူးပေါ့လေဟုပြောကာ စားပွဲအောက်၌ မမြင့်၏ခြေဖျားကလေးကို မိမိ၏ခြေနှင့်နင်း၍ထားပြီးပြောလေ၏။

မမြင့်သည် မျက်နှာ၌သွေးရောင်လွှမ်း၍လာပြီး ဘကွန်း၏မျက်နှာကို ချစ်ခင်ကြင်နာ မေတ္တာဆပွားသနားလည်းသနား။ မိမိ၏စိတ်ကိုလည်း မပိုင်မနိုင်သော အမှုအရာမျိုးနှင့် ပြုံးပြီး မျက်မှောင်ကုတ်ကာ၊ ကြည့်ပါဦး ကောင်မကလေးတွေ မြင်ကုန်တော့မယ်။ အမယ်လေးနာလိုက်တာ ခြေမကြေတော့မယ်တော့ဟု တိုးတိုးပြောပြီး နောက်သို့လှည့်ကာ စင်စင်ကြယ်ကြယ် ဆေးကြကြောကြပါအေ မယ်သိန်း ညည်းလက်ဖက်ရည်ဖျော်တာ ဟိုလူများအတွက်ပေါ့တယ်၊ သကြားများများထည့်အေ့၊ သည်လူမျိုးတွေဟာ အချိုများများကြိုက်တဲ့ လူမျိုးတွေအေ့ဟု ပြောလေ၏။

"ဘယ့်နှယ်လဲ မမြင့်ရဲ့။ စကားပြန်ပြောဖော်မရတော့ဘူးလား။ ဒီလိုပဲနေတော့မလား။ ဘရွှေနဲ့ငါနှစ်ယောက်ရှိတယ်။ နှစ်ယောက်စလုံး မင်းကိုကြိုက်တယ်။ တစ်ယောက်ကိုယူရင် စိတ်ကျေနပ်ပြီ" ဟုပြောလေ၏။

"ဟင့်အင်း ကျွန်မဘယ်သူမှမယူဘူး၊ ကျွန်မအလုပ်ထဲမှာသာ စိတ်ကိုထားတယ်။ ဒါတွေကိုတွေးဖို့ အချိန်မရသေးဘူး"

"အလုပ်နေရာကျနေလို့ မယူတော့ဘူးလို့ စိတ်ကိုဆုံးဖြတ်လိုက်တာလား"

"ဒီလိုလည်းမဟုတ်ပါဘူး။ ဒီဖောက်သည်တွေနဲ့လည်း ကျွန်မစိတ်

mgyoe.com

mgyoe.com


မကျေနပ်ဘူး။ ဘယ်လိုကြံရဦးမယ် မသိဘူး"

"ကြံပေးရင် မင်းအလုပ်နေရာကျသွားမှာပေါ့"ဟု ပြုံးကာပြန်ပြောလေ၏။ "နေရာကျဖို့ လမ်းရှိရင်လည်း လုပ်ပေးပါတော့။ ကျွန်မစိတ်ညစ်လှပြီ"

"လုပ်ပေးရင် မင်းကိုင်ါရတော့မှာမဟုတ်ဘဲ။ ဘာပြုလို့လုပ်ပေးရမှာတုန်း"

"ဒီလိုဖြင့် ကျွန်မကို ပျက်အောင်ကြံနေတာ ကိုဘကွန်းတို့ပေါ့လေ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သိပါပြီ။ ဟိုဘက်ဆိုင်မှာတော့ လူကောင်းသူကောင်းတွေကျပ်နေတာပဲ။ သည်မှာသားသားနားနား ပြင်ဆင်ထားတဲ့နေရာမှာတော့ ဘယ်လူမှမလာဘူး။ ဧကံရှင်တို့အတတ်ပဲသိပြီ၊ ကျွန်မရှင်တို့ကိုမုန်းတယ်။ မလာကြနဲ့တော့၊ သူငယ်ချင်းမိတ်ဆွေဆို သည်လောက်ကလေးမှ အားမကိုးရရင် ဘာလုပ်ရမှာတဲ့တုန်း"ဟု ပြောလေ၏။

ထိုအခိုက်တွင် ဘရွှေဝင်ရောက်၍လာရာ မမြင့်သည် အဆိုပါနည်းအတိုင်း ဆီး၍စွပ်စွဲလေ၏။

ဘရွှေက "သေရပါစေရဲ့ခင်ဗျာ။ ဟောဒီဆေးတံမီးလို ငြိမ်းရပါစေရဲ့။ ဘာမဆိုင်ညာမဆိုင် သူ့ဘာသာအလုပ်လုပ်ဖို့နေရာမကျတာ လူများလာပြီးစွပ်စွဲတယ်။ ဒါကြောင့် တစ်နေ့ကဗေဒင်ဆရာက မင်း အစွပ်အစွဲခံရလိမ့်မယ်လို့ဟောတာ၊ ဒါပါပဲ။ သည်လောက်နဲ့ကြိမ်းကြေပါစေတော့ ခင်ဗျာ။ သေချင်းဆိုးနဲ့သေရပါစေရဲ့"ဟု ပြောလေ၏။

"ဒီလိုဖြင့် ကိုဘကွန်းပဲ၊ ရှင်ပဲ ... ရှင်ပဲ မငြင်းနဲ့ မျက်နှာမြင်ကတည်းက ကျွန်မသိတယ်။ တစ်ခုခုတော့ တစ်နည်းနည်းနဲ့ ရှင်လုပ်ထားတာပဲ"

ဘကွန်းသည် မျက်နှာနီလျက် တစ်ကယ်အပြစ်တစ်ခုခုရှိသလို ရယ်လေ၏။ သို့ရယ်လေလေ မဖွားမြင့်က တလွဲထင်လေလေဖြစ်ကာ ကြိမ်းသေ စွပ်စွဲ၍နေလေသတည်း။

ထိုအခိုက်တွင် လက်ဆွဲသားရေအိတ်ကိုင်လျက် လူတစ်ယောက်ဝင်လာပြီး ဘရွှေကိုမြင်သောအခါ အိုင်ဆေး မင်းကိုလိုက်ရှာလိုက်တာ သူငယ်ချင်းရယ်။ အခုမှမောမောရှိတာနဲ့ လက်ဖက်ရည်သောက်မလို့ ဝင်အလာမှာ

mgyoe.com

mgyoe.com


မင်းနဲ့တွေ့တာပဲ။ ပူလိုက်တဲ့နေ သူငယ်ချင်းရယ်၊ လ့န်ချားတွေလည်း တစ်ယောက်မှမတွေ့ဘူး မေးလိုက်ရင် တိုင်းဟိုးဂီးယားဆိုပြီး လူကိုတောင်ပြန်မကြည့်ဘူး၊ တစ်ချို့ကိုယ်တော်မြတ်တွေက နှုတ်ခမ်းကိုလက်နဲ့တို့ပြီး ကာပီပီးယေးဂါးတဲ့ အပဟုတ်တကယ်ကျတဲ့အကောင်တွေပဲဗျာ။ လက်ဖက်ရည်တစ်ခွက်ပေးပါခင်ဗျာ။ ခင်ဗျားတို့သောက်ပြီးပလား သောက်ကြပါဦးလား၊ သုံးခွက်သုံးခွက်ဟု လှမ်း၍မှာလေ၏။ ဘကွန်းက ကျွန်တော်တို့ပြီးပါပြီ။ ဟဲ့ မယ်ညိုတစ်ခွက်လုပ်ဟဲ့ဟု လှမ်း၍ပြောရလေ၏။

ထိုလူသည်ကား ကြော်ငြာကိုယ်စားလှယ်လိုလို လမ်းလျှောက်ကိုယ်စားလှယ်လိုလို တူသဖြင့်၊ စကားကို သူတစ်ပါးအား ပြောခွင့်မပေး။ မိမိကသာ ဝမ်းတော်လားသလို ပြောတတ်သူတစ်ယောက်ဖြစ်ဟန်တူလေရာ ၎င်းကို ဘရွှေသည် ကြောက်ရွံ့အံ့သြသလို ကြည့်၍နေလေ၏။

"ငါမင်းကိုတွေ့ချင်တာနဲ့ ဟိုလိုက်မေးသည်လိုက်မေး မေးလိုက်တာနောက်ဆုံးကျမှ အောင်မြတ်ကျော်ဆိုတဲ့ ပန်းချီဆရာနဲ့တွေ့တာနဲ့ သူကပြောလို့ ငါဒီလိုက်တာတာပဲ"ဟု ပြောလေ၏။

အောင်မြတ်ကျော်ဟူသော နာမည်ကိုကြားရသောအခါ ဘရွှေသည် မျက်နှာပျက်ပြီး "ဘယ်ကအောင်မြတ်ကျော်လဲ"ဟု မေးလေရာ

"ဟို မန္တလေးလမ်းက အောင်မြတ်ကျော်ပေါ့ကွဲ့။ ဆိုင်းဘုတ်တွေဘာတွေ အရေးကောင်းတဲ့ အကောင်ဟာကွယ် ရာမဇာတ်ထဲက သုချိတ်ဆိုတဲ့ မျောက်နဲ့ခပ်ဆင်ဆင် ဖြစ်ပ်စပ်အကောင်ဟာပေါ့"

ရွှေ ။ အော်အော် သိပြီသိပြီဟု ပြောကာ ခေါင်းညိတ်ပြီး နေပါဦးဘာကိစ္စအထူး ...

၎င်းလူသည် ဘရွှေအားစကားကို အဆုံးသတ်ဖို့အချိန်မပေးဘဲ စားပွဲကိုထုကာ ဒေါပါပါနဲ့ "အဲဒီအကောင်ပေါ့၊ သူကပြောလိုက်တယ်။မင်းမျိုး (ဘာဆိုလဲကွယ်) အဲဒီလက်ဖက်ရည်ဆိုင်အတွက် သူကဆိုင်းဘုတ်ရေးပေးလိုက်ရသတဲ့ အဲသူကလမ်းညွှန်လိုက် ..."

ဘရွှေသည် မျက်နှာပျက်လျက်၊ ကပျာကယာထိုင်ရာထပြီး

mgyoe.com

"အိုင်ဆေး အိုင်ဆေး ဒီမှာကျုပ်ပြောစရာကလေးရှိသေးလို့ပါ"ဟု ပြောပြီး ၎င်းလူ၏ လက်ကိုဆွဲကာ ဆိုင်ပြင်သို့ခေါ်သွားလေ၏။

၎င်းလူသည်ကား ကန့်လန့်ပါသွားလျက်ပင် စကားကိုမရပ်ဘဲ "ဒါ မင်းလက်ဖက်ရည်ဆိုင်ပဲလား ဟင်ဒါကမျိုးမြင့်လေ၊ အော်ဟိုဘက်က ဆိုင်လား၊ အောင်မယ်ဟန်ကျလိုက်တာ နေပါဦးကွဲ့ဖြည်းဖြည်းဆွဲပါ။ ဘာကိစ္စရှိလို့လဲ သောက်ပါ့မယ်ကွဲ့။ ဒီလောက်တောင် လောကွတ်ကောင်းဖို့ မလိုပါဘူး။ မင်းဆိုင်ဆိုရင် ငါအလကားသောက်ရမယ်ဆိုတာအသိသားပဲ"ဟု ပြောရင်းပါသွားလေ၏။

ဘကွန်းနှင့်ဖွားမြင့်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အံ့သြနေကြလေ၏။

တစ်အောင့်လောက်ကြာသောအခါ ဘကွန်းက မအေပေး ခွေးမသား ဒင်းညာဏ်ကို။ သည်ရှေ့ကဆိုင်ကို ဒင်းပျက်စီးအောင်သူတမင် တိတ်တိတ်ပုန်းကိုယ်စားလှယ်ထားပြီးဖွင့်တာ ဘာမသား ညာမသား ခဏနေဦးငါ သွားပြီး ဒင်းကိုဟု ပြောပြီးထွက်သွားလေရာ ဖွားမြင့်သည်ဆွဲ၍ မရသဖြင့် လွှတ်လိုက်ရလေ၏။

မကြာမီဆိုင်နောက်ဖေးတွင် ဘကွန်းနှင့်ဘရွှေသည် ထွေးလုံးရစ်ပတ် တစ်ယောက်တစ်ယောက် ထိုးကြိတ်၍နေကြလေရာ ဘရွှေသည် မြေပေါ်၌ ပက်လက်လဲ၍နေလေ၏။ ဘကွန်းက လည်ကိုဖျစ်လျက်စီးပြီး မျက်နှာကိုထိုး၍နေလေရာ ဖွားမြင့်ရော အစေခံများရော မနည်းကြီးဝိုင်း၍ ရေနှင့်ပက်ခါမှ တစ်ယောက်ကို တစ်ယောက်လွှတ်ကြလေ၏ ဘရွှေလည်း တစ်ခါတည်းလွတ်ရာသို့ ရှောင်ရှား၍သွားလေ၏။ ဘကွန်းသည် ဆိုင်ထဲသို့ ဘိုဆံတောက်ဖိုးရိုးဖားရားနှင့် ရုပ်အင်္ကျီများစုတ်ပြတ်လျက် ပြန်၍ဝင်လာလေရာ ရေချိုးခန်းသို့ခေါ်ပြီး ဖွားမြင့်ကဆေးကြောသုတ်သင်၍ ပေးရလေ၏။

နောက်အတန်ကြာသောအခါ ဘကွန်းနှင့်ဖွားမြင့်သည် လိုက်ကာနှင့် လုံစွာပိတ်၍ထားသော စပါယ်ရှယ်စားပွဲခန်း၌ စကားပြော၍နေကြလေ၏။

mgyoe.com

ကိုဘရွှေ မဟုတ်တာလုပ်တာတော့ ကျွန်မသိပါပြီ သူလည်းကျွန်မကို ပျက်စီးစေလိုလို့ လုပ်တာတော့မဟုတ်ပါဘူး။ ကျွန်မဆိုင်ပျက်ရုံကလေးကြံတာပါ ပျက်ရင်သူ ကျွန်မကိုရမယ်လို့ထင်ပြီး သည်လိုလုပ်တာပေါ့။ ကိုဘကွန်း လုပ်တာလည်း ဘာကောင်းသလဲ။

"ငါဘာကိုလုပ်လို့လဲ"

"ဟိုလူစုတ်ပဲ့တွေကို ပိုက်ဆံပေးပြီး သည်လာအစားခိုင်းတာ ရှင်မဟုတ်လား"

ဘကွန်းသည် ဝန်ထုပ်ဝန်ပိုးနှင့် လက်ဆုတ်လက်ကိုင်မိသော သူခိုးလိုဖြစ်ကာ မဖွားမြင့်၏မျက်နှာကို အကြောင်သားကြည့်၍နေပြီးမှ အတန်ငယ်ကြာသောအခါ "ကိုင်းဒါဘာဖြစ်သေးသလဲ"

"ဒီလို လူစုတ်ပဲ့တွေလာတော့ လူကောင်းတွေ ဘယ်ကလာတော့မှာလဲ ကိုဘကွန်းရဲ့"

"အော် ... ဒီလိုလား။ ဒါတော့ ငါသတိမထားမိဘူး။ မင်းအလုပ်အထမြောက်မလားလို့ ငါလုပ်မိလုပ်ရာလုပ်တာပဲ၊ မင်းကငွေပေးတော့လည်း မယူချင်ဘဲကိုး"

"ကျွန်မအလုပ် အထမြောက်ရင် ဘယ်ယောကျ်ားမှမယူဘူးဆိုတာ ရှင်အသိသားမဟုတ်လား"

"သိတော့သိတာပေါ့လေ။ နို့ပေမဲ့ မင်းစိတ်မကောင်းဖြစ်တော့ ငါကြည့်မနေနိုင်တာနဲ့ စိတ်လက်အေးပါစေလို့လုပ်ရတာပါ"

"အခုဒီလူတွေပေးရတာ ငွေဘယ်လောက်ကုန်သွားသလဲ"

"မများပါဘူး၊ ငွေကလေးတစ်ရာ့လေးငါးခြောက်ဆယ် ခုနစ်ဆယ်ပါ"

ဖွားမြင့်သည် စကားမပြောဘဲ၊ ကျောက်စားပွဲကို ခက်ရင်းနှင့်ခြစ်၍နေလေ၏။

"မမြင့် ဒီလိုအနှောင့်အယှက်တွေထဲမှာ မင်းသည်အလုပ်ကို ဆက်ပြီးလုပ်ချင်သေးသလား"ဟု မောင်ဘကွန်းကမေးလေ၏။

mgyoe.com

mgyoe.com

မမြင့်သည် မောင်ဘကွန်း၏မျက်နှာကို ကြွေနှင့်မော်ကြည့်ပြီး "ဟင့်... အင်း ကျွန်မတော့-စိတ်ပျက်ပြီ"ဟုပြောကာ ခေါင်းငုံ့လျက် ကျောက်စားပွဲကိုသာခြစ်၍ နေလေ၏။

ဘကွန်းသည် ဖြည်းညင်းစွာမိမိ၏နေရာမှထ၍သွားပြီး မဖွားမြင့်၏အနားကပ်ကာထိုင်ပြီး ပခုံးပေါ်သို့ လက်ယာလက်ကို တင်လိုက်လေ၏။

ဖွားမြင့်သည် ငြိမ်သက်စွာနေသော်လည်း ရင်အုံမှာ ပင့်သက်ရှူရသဖြင့် ငါးပြေမကို ရေမှဖော်ကာ နေပူကြဲကြဲ၌ ကုန်းပေါ်တွင်ပစ်၍ထားသလိုလှိုက်ဖိုလှိုက်ဖိုဖြစ်၍နေလေ၏။

ဘကွန်းသည် မိမိပေါင်ပေါ်သို့ ဖွားမြင့်ကို အသာဆွဲ၍လှဲယူပြီး ပက်လက်နေစေ၏။ ဖွားမြင့်သည် ဘကွန်း၏လည်ကို လက်တစ်ဖက်နှင့်လှမ်း၍ တွယ်နေလေ၏။ မကြာမီ နှစ်မျက်နှာနှစ်ကိုယ်သည် တစ်မျက်နှာတစ်ကိုယ်တည်းဖြစ်၍သွားလေသတည်း။

*ဒဂုန်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၂၇ ခုနှစ်။*

mgyoe.com

mgyoe.com

# ၄. ညြော် မိန်းမ မိန်းမ

(သိန်းခင်သည် စာပို့ကုလားထံမှ စာအိတ်ကိုရလျှင်ရချင်း) မင်းကတော်ကြီး ဒေါ်အုံထံမှလာသော စာဖြစ်ကြောင်းကိုသိရသဖြင့် အားရဝမ်းသာ ဖောက်ကာဖတ်လေလျှင် မိမိမကြာမီကရေးလိုက်သောစာအတွက် မဆိုင်းမဖင့် ချက်ချင်းပြန်လိုက်သောစာကို တွေ့ရှိရလေ၏။ စာကိုဖတ်ရှုပြီးနောက် လွန်စွာဝမ်းမြောက်ခြင်းဖြစ်လေ၏။ လက်ဝဲသုန္ဒရအမတ်ကြီး သည်မဲဇာမှ နေပြည်တော်သို့ပြန်ရန် အမိန့်စာရရှိသောအခါကထိုမျှလောက် ဝမ်းသာလိမ့်မည်မဟုတ်ဟု သိန်းခင်စိတ်၌ မှတ်ထင်မိလေ၏။ သိန်းခင်သည် တောင်ငူမြို့သို့ရောက်ရှိနေရာ တစ်နှစ်ကျော်ခန့်ရှိလေ၏။ သိန်းအောင်ကို မချစ်၍မဟုတ်ကြောင်းကို မိမိကိုယ်တိုင်အသိဖြစ်၏။ သိန်းအောင်နှင့် မိမိစပ်ကြားတွင် ကြီးစွာသောတောင်ကြီးကွာခြား၍နေလေ၏။

ထိုတောင်ကြီးသည်ကား မာန်မာနတည်းသော တောင်ကြီးဖြစ်လေ၏။

သိန်းအောင်သည် ဒုတိယတန်းရှေ့နေကလေးဖြစ်လေ၏။ သို့သော်လည်း မျိုးရိုးကလွန်စွာကောင်းသဖြင့် မိမိ၏အပေါ်၌အခါများစွာ ဟန်ကြီးပန်ကြီးလုပ်သည်ဟု စိတ်၌ မှတ်ထင်လေ၏။ အမှန်အားဖြင့်လည်း သိန်းအောင်၏ ဆွေမျိုးများစိတ်၌ သိန်းအောင်ကို သိန်းခင်ထက်သာသော မိန်းမများကိုရနိုင်သည်ဟု အယူရှိကာ မကျေမချမ်းဖြစ်ခဲ့ကြလေ၏။ သိန်းခင်မှာမူ ပိုက်ဆံငွေအင်အား မြောက်မြားစွာမပြည့်စုံသော အငြိမ်းစား

mgyoe.com

ဝန်ထောက်သမီးကလေးမျှသာဖြစ်လေရာ ဖခင်သေဆုံး၍သွားသောအခါ ၌ မိမိကိုယ်ကိုသာ အလွန်အောက်ကျသည်ဟု မှတ်ထင်ပြီးလျှင် စကား နည်းလျက် တိုတိုတုတ်တုတ် ဟုတ်ရာမှန်ရာ ဘွင်းဘွင်းကြီး ပြောတတ်ရှာ သောကြောင့် သိန်းအောင်ကိုသာလွန်၍ မခံမရပ်နိုင်အောင်ဖြစ်ခဲ့လေ၏။

သိန်းခင်မှာ ကိုယ်ပိုင်စည်းစိမ်ဥစ္စာများစွာ မရှိသော်လည်း ခေတ် ကာလပညာကို ကောင်းစွာတတ်သည့်ပြင် မည်သူ၏ကြည့်ရှုမှိုင်းမခြင်းကို မှမလိုဘဲ၊ တစ်ကိုယ်တည်းနေနိုင်လောက်သော လယ်ယာခြံမြေကလေးများ နှင့်မကင်းသူတစ်ယောက်ဖြစ်လေ၏။ သင်းကလည်း လူကုံထံ ငွေရှင် ကြေးရှင်ဖြစ်သည်၊ ငါကလည်း မင်းမျိုးမင်းနွယ် ဂုဏ်သရေရှိသားသမီး ဖြစ်သည်ဟူသော မာနဖြင့်ဟု သိန်းအောင်နှင့်ညားပြီး တစ်နှစ်မျှမကြာမီ အံ့စွမ်းကုန်ထောင်၍တက်စရာ အပေါက်အစတွေများခဲ့လေ၏။ သို့ဖြစ် သောကြောင့် လူသိနတ်ကြားခိုက်ရန် ဒေါသကြီးမားစွာမဖြစ်ကြဘဲ သဘော တူဆိုသလိုခွဲခွာ၍နေကြပြီးနောက် ရန်ကုန်မြို့မှ တောင်ငူမြို့ရှိ အရီးတစ် ယောက်၏ထံသို့ရောက်၍နေလေ၏။ လွန်ခဲ့သောသုံးလခန့်အခါက ရန်ကုန်မြို့မှ တောင်ငူမြို့သို့ အလည်လာသော မင်းကတော်ကြီးဒေါ်အုံ နှင့် အသိအကျွမ်းဖြစ်ခဲ့လေရာ ရန်ကုန်မြို့သို့လာလျှင် မိမိတို့၏အိမ်မှာ တည်းခိုပါဟု အတန်တန်မှာသွားဖူးလေ၏။

ရန်ကုန်မြို့မှာလည်း သိန်းအောင်နှင့်အတူ သုံးလလောက်နေခဲ့ရ သောမြို့ဖြစ်လေရာ အတူနေခဲ့ဖူးသော ဆောင်းဥတုအချိန်အကျော်တွင် ရန်ကုန်မြို့သို့လိုက်လိုက်လှဲလှဲ လွမ်းတတမ်းလျှခြင်း ဖြစ်ပေါ်လေ၏။သို့သော် လည်း မိမိခြံကလေးနှင့် အိမ်သည် ရန်ကုန်မြို့မှာမရှိ၊ ဒီစကြိတ်မြို့တစ်မြို့ ၌ရှိလေရာ မသိန်းခင်နေလျှင် ပျော်သလောက်နေပေါ့။ စိတ်လက် ကြည်ကြည်ခြင်း မဖြစ်စေရပါဘူး။ မကြာမီ တောက်ညှော်သည်များလည်း ရောက်သဖြင့် လွန်စွာပျော်စရာကောင်းသည့်အကြောင်းများကို ထိုအခါ၌ တွေ့ရှိရသော အခါရေငတ်သောသူသည် ရေတွင်းထဲကျသကဲ့သို့ဖြစ်၍ သွားလေသတည်း။

မိမိစိတ်၌ စိုးရိမ်သောအရာတစ်ခုသည်ကား မိမိ၏လင်ယောကျ်ား

mgyoe.com


သိန်းအောင်နှင့် မတော်တဆတွေ့ဆုံမိမည်ဖြစ်သည့်အကြောင်းတစ်ခုသာ ရှိလေ၏။ ဤအရာ၌ သိန်းခင်သည် မိမိယောကျ်ားကို အဘယ်မျှလောက် ပင်ချစ်သော်လည်း မာန်မာနကိုချီး၍ မရသလောက်အောင်ပင်ဖြစ်လေသည် (ငါသင်းကိုမချစ်ဘူး။ သင်းတို့တစ်မျိုးလုံးကို ငါမုန်းထယ်။ ငါသာ ရှင်ဘုရင်ဖြစ်ရင် သင်းတို့တစ်မျိုးသားလုံး မီးလောင်တိုက်သွင်းလိုက်မယ်) ဟူသော စိတ်မာန်ဖြင့် အချစ်ကိုကြိုးစား၍ မြှုပ်နှံခြင်းပြုလေသတည်း။

နောက်များမကြာမီ ရန်ကုန်မြို့ ကန်တိုမင်ရပ်ကွက်တွင် ခမ်းနားကြီးကျယ်သော အိမ်ဝင်းထဲသို့ တက္ကစီတစ်စင်းနှင့် ဝင်ရောက်သွားလေရာ အိမ်ရှေ့မှများစွာသော ဧည့်သည်များနှင့် ခရီးဦးကြိုပြုသော မင်းကတော်ကြီးအား ,တွေ့မြင်ရသောအခါသောကပင် မရှင်မလန်းစိတ်တို့သည် ကွယ်ပျောက်၍သွားလေသတည်း။

ရန်ကုန်မြို့၌တွေ့စဉ်က မင်းကတော်ကြီး၏သား မြို့အုပ်မောင်ဘအေးနှင့် အတော်ပင် ချစ်ခင်အကျွမ်းဝင်ခဲ့လေ၏။ မင်းကတော်ကြီးသည် မိမိကို မိမိသားနှင့် မှန်းရွယ်ထားသောကြောင့် ဤကဲ့သို့အဆောတလျင် စာပြန်၍မှာခြင်းဖြစ်လသလားဟု စိတ်၌ထင်မှားမိလေသည်။ သို့သော်လည်း ခရီးဦးကြိုပြုရာ၌ မောင်ဘအေးကို မတွေ့ရသဖြင့် သိန်းခင်၏ စိတ်၌ဝမ်းသာသလိုဖြစ်သွားလေ၏။ အကြောင်းမှာ ဂုဏ်သရေရှိယောကျ်ားများကို သိန်းအောင်ကစပြီး ယခုထက်တိုင်ကြောက်ရွံ့၍နေလေ၏။ မင်းကတော်ကြီးက သိန်းခင်ကိုတွေ့သောအခါ လွန်စွာဝမ်းမြောက်ကြောင်း၊ သိန်းခင်၏ အကြောင်းကိုမိမိသားမောင်ဘအေးနှင့် မကြာခဏပြောဆို၍ နေကြကြောင်း စသည်များကိုပြောပြပြီးလျှင် အိမ်ပေါ်သို့ခေါ်၍သွားလေ၏။

ကြီးကျယ်သောအိမ်ကြီး၌ ခမ်းနားစွာပြင်ဆင်၍ထားသော အခန်းတစ်ခုကို ပြင်ဆင်၍ပေးလေ၏။ ထိုခမ်းနားသောအခန်းသို့ရောက်သောအခါ အံ့အားသင့်၍နေလေ၏။

အကြောင်းမူကား သိန်းအောင်နှင့်မိမိနေစဉ်က ခမ်းနားစွာပြင်ဆင်

mgyoe.com

mgyoe.com

၍နေသော မိမိတို့၏အခန်းနှင့် များစွာတူ၍နေသောကြောင့် ဖြစ်လေ၏။

ချစ်စခင်စ ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြသော ဟိုယခင်အတိတ်ကာလ အခြေအနေတို့သည် မျက်စိရှေ့တွင် ရွှေအဆင်းကိုဆောင်လျက်ထင်ပေါ်၍နေလေ၏။

ထိုအခန်းထဲသို့ရောက်လျှင်ရောက်ချင်း တောင်ငူမြို့အရှိုးထဲ၌နေခဲ့ရခြင်းသည် ကြီးလှစွာသော ဆင်းရဲငြိုငြင်ခြင်းပေတကားဟု နှိုင်းယှဉ်စဉ်းစားကာ ပြန်လှန်တွေးတောမိလေ၏။

ဤအိမ်၌ သိန်းအောင်သည်လည်း မတော်တဆညှော်သည်ဖြစ်လျက် ဤအခန်းထဲတွင် ဘွားခနဲလာ၍ တွေ့ချေက ဘယ်လိုများနေပါ့မလဲဟု စိတ်ထဲ၌အောက်မေ့မိလေ၏။

ဟယ် မတွေးပါဘူးလေ သင်းတို့တစ်မျိုးလုံးကို ငါအင်မတန်မုန်းပါတယ်။ သင်း နှမဈေးခင်က သူ့မောင်ကိုသာ ...တယ်လေ ငါမပြောလိုက်ချင်ပါဘူးဟု အောက်မေ့ပြီး ခုတင်ပေါ်၌ခေါင်းအုံးကိုမှီလျက် ငေးစိုက်ကာနေလေ၏။ ထိုနောက် ရေမိုးချိုးပြီးနံနက်စာမစားမီအချိန်တွင် အဝတ်အစားများကို လှပစွာလဲလှယ်၍ ဝတ်ဆင်လေ၏။ သိန်းအောင်နှင့်အတူနေစဉ်က ဤကဲ့သို့လှလှပပ ဝတ်ဆင်ခဲ့ခြင်းမရှိဘဲ အိမ်၌ သင့်တော်ရုံသာနေလေ့ရှိ၏။ ယခုမှာမူကား စိတ်နှလုံးလွတ်ကျွတ်လျက်နေသောကြောင့် တစ်ကြောင်း သိန်းအောင်နှင့်မညားမီ အပျိုစင်တုန်းက လှပစွာဝတ်ဆင်လေ့ရှိသလို ဝတ်ဆင်လေ၏။

မိမိကိုယ်ကို ကိုယ်လုံးပေါ်မှန်ကြီး၌ ကြည့်ရှုသောအခါ အနည်းငယ်မျှကိုယ်ရည်စစ်လျက် တိုး၍လှပယဉ်ကျေးပြီး ပူဆွေးဒုက္ခကျင်လည်ရသော မျက်နှာ၌ သောကငွေ့ကလေးကြောင့် သနားဖွယ်ဖြစ်၍နေခြင်းမှတစ်ပါး ပျိုစဉ်အခါကကဲ့သို့ များစွာမခြားမနား၍ နေသည်ကိုတွေ့ရှိရလေ၏။

ထိုကဲ့သို့ကြည့်၍နေခိုက်တွင် မင်းကတော်ကြီးက ငါ့ကို ကိုဘအေးနှင့်များ မှန်းရွယ်ထားသလား၊ မတော်တဆမှန်းရွယ်ထားလျှင် အားနာစရာကြီးဖြစ်နေမှာပဲ သူ့မှာသမီးလည်း တစ်ယောက်မှမရှိဘူး။ ကိုဘအေး

mgyoe.com

mgyoe.com


ကတော့ ချစ်တတ်ခင်တတ်တဲ့ လူတစ်ယောက်ပဲ၊ နို့ပေမဲ့ ရိုးရိုးချစ်တာနှင့် တူတာပဲ အခုနေငါ့ကို ကိုသိန်းအောင်တွေ့လျှင် ဘယ့်နှယ်များနေမလဲ မသိဘူး စသည်ဖြင့် အရူးပမာတွေးတောဍနေလေ၏။

မိမိနှင့်ယှဉ်၍နေသောအခန်းမှ လူပ်ရှားသွားလာနေသောလူသံကို ကြားရလေ၏။ ထိုအခန်းနှင့် မိမိအခန်းစပ်၍ထားသော နံရံမှာ ပျဉ်ထောင် တစ်ထပ်မျှဖြစ်သဖြင့် ထိုအခန်း၌ မီးခြစ်ဆံကလေးကျသည်ကိုပင် သိနိုင် လောက်သည်ဟု ထင်မှတ်ရလေ၏။

ထိုနောက် ၎င်းအခန်းမှ လေချွန်သောအသံကို ကြားရလေ၏။ သိန်းခင်သည် အံ့အားသင့်လျက် ဦးခေါင်းကိုထောင်၍နားထောင်လေ၏။

လေချွန်သံမှာ လွန်စွာစတိုင်ကျသဖြင့် ဟိုဘက်အခန်းကလူဟာ အတော်အတီးအမှုတ်ဝါသနာပါတဲ့လူ ထင်ပါရဲ့ဟု အောက်မေ့လေ၏။ လေချွန်သောတေးမှာ အင်္ဂလိပ်တစ်လှည့် မြန်မာတစ်လှည့်ဖြစ်၍နေ၏။ လေချွန်သံသည် အတန်ကလေးတိတ်ဆိတ်၍သွားလေ၏။ ထိုနောက် တစ်ဖန်ဆက်လက်၍ ချွန်ပြန်လေ၏။ သိန်းခင်သည် လွန်စွာအံ့အားသင့် လျက် ရင်ထဲ၌ကတုန်ကယင်ဖြစ်၍သွားလေ၏။ ထိုအသံသည်သိန်းခင် အား များစွာအနှောင့်အယှက်ဖြစ်လေ၏။ အကြောင်းမူကား ဘောလယ် သီချင်းကိုဆိုတတ်သူများစွာရှိသော်လည်း ယခုလေချွန်သံအလှည့်ကလေး များမှာ စိတ်၌တစ်မျိုးတစ်မည်ဖြစ်အောင်ပြုလေ၏။ မိမိယောကျ်ားဖြစ်သူ သိန်းအောင်သည် ထိုအလှည့်မျိုးကိုများစွာလေချွန်လေ့ရှိ၏။ ထိုအခိုက်တွင် အစေခံမကလေးတစ်ယောက်သည် အခန်းထဲသို့ပြေးဝင်၍လာပြီးလျှင် မမလေး မေမေဘုရားကြီးခေါ်နေတယ်။ ထမင်းစားရအောင်လို့ ဧည့်သည် တွေစုံကုန်ကြပြီဟု ပြောလေ၏။

ခဏမျှကြာသောအခါ သိန်းခင်သည် အောက်ထပ်သို့ရောက်သွား လေ၏။ လေ့ကားရင်း၌ ပြုံးရွှင်သောမျက်နှာနှင့် စောင့်၍နေသော မင်းကတော်ကြီးနှင့်တွေ့ရလေ၏။

သြော်တူမကြီး ခရီးပန်းနေသလား၊ ထမင်းစားရအောင်တူမရဲ့၊ ဟို

mgyoe.com

mgyoe.com


ဘက်အခန်းက ဝတ်လုံတော်ရတစ်ယောက်ကော မတွေ့ရဘူးလား။

ကျွန်မ မမြင်ပါဘူး။ ဟိုဘက်အခန်းမှာလေချွန်သံကိုတော့ ကြားရတယ် ဝတ်လုံလား ...

ဝတ်လုံဆိုပါတော့ တူမရယ်၊ ပထမတန်းရှေ့နေကြီးပါ၊ သည်နှစ်ပဲ အောင်တယ်။ ထိုကဲ့သို့ပြောနေခိုက်တွင် ထမင်းစားခန်းထဲမှ မောင်ဘအေး ထွက်လာလေ၏။ သိန်းခင်ကိုမြင်သောအခါ ဩော်မသိန်းခင် မာရဲ့နော်၊ ကျွန်တော်အခုမနက် ကိစ္စရှိလို့သွားနေတယ်။ မသိန်းခင်ကို အခုလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ ဒါထက်သူဌေးမင်းတစ်ယောက်ကော ဘယ်မှာလည်း မဆင်းလာသေးဘူးလား။

သိန်းခင်သည် ဘယ်ကသူဌေးမင်းပါလိမ့်ဟု သိလိုသောမျက်နှာထားမျိုးနှင့် မင်းကတော်ကြီးအား ကြည့်၍နေလေ၏။ မင်းကတော်ကြီးက ဝတ်လုံတော်ရ မင်းကိုပြောနေတာပါဟုပြောရင်း မင်းကတော်ကြီးနှင့်အတူ ထမင်းစားခန်းထဲသို့ဝင်သွားလေ၏။

အတန်ကြာသောအခါ မောင်ဘအေးနှင့် သိန်းအောင်သည် ဝင်ရောက်၍လာကြလေ၏။ သိန်းခင်သည်၎င်းကိုမြင်သောအခါ တစ်ခဏမျှ အံ့အားသင့်လျက် ဦးခေါင်းထဲတွင် မိုက်ကနဲဖြစ်၍သွားလေ၏။ ထိုနောက် မည်သူမည်ဝါဟု မသိသောမျက်နှာထားမျိုးနှင့် တခြား ဧည့်သည်နှစ်ဦး သုံးဦးကို ကြည့်ကာ ပြုံးရယ်ကာခေါင်းညိတ်ကာ နှုတ်ဆက်လေ၏။

မင်းကတော်ကြီးက ဝတ်လုံတော်ရမင်းရဲ့ ဟောသည်ဟာက တောင်ငူကရောက်လာတဲ့ ကျုပ်တူမကြီးပဲ။

သိန်းအောင်သည် သိန်းခင်ကိုယခုမှတွေ့ရသော သူစိမ်းပမာကြည့်လျက် ယဉ်ကျေးစွာပြုံး၍ ခေါင်းညိတ်ပြီးလျှင် တွေ့ရတာအများကြီး ဝမ်းသာပါတယ်။ သည်လိုပဲ အသိအကျွမ်းဖြစ်ရတာပေါ့ဟု ပြောပြီး မောင်ဘအေးက ကိုင်းထိုင်ပါ့ သူဌေးမင်းရဲ့ ဝမ်းလည်းသာပေါ့၊ စားလည်း စားပါဦး။ ကိုင်း ထိုင်ကြပါထိုင်ကြပါ သုံးဆောင်တော်မူကြပါဟု သိန်းခင်နှင့်တကွ အားလုံးကို လှည့်ကြည့်၍ပြောလေ၏။

mgyoe.com

mgyoe.com


သိန်းခင်သည်ဦးခေါင်းကိုငုံ့လျက် ရင်ထဲတွင်တဒိန်းဒိန်းတုန်လှုပ်ကာဖြစ်၍နေလေ၏။ မိမိ၏စိတ်ထဲ၌ ဝမ်းသာသလိုလိုလည်းဖြစ်၏။ ဒေါသလည်းထွက်၏။ ငိုလည်းငိုချင်၏။ အဘယ်သို့ဖြစ်သည်ဟုမပြောနိုင်အောင်စိတ်ထဲ၌ထွေလျက် ဦးခေါင်းထဲ၌ဝေမှိုင်းပြီးလျှင် မျက်လုံးများမှာပြာရီ၍လာသောကြောင့် ပွဲရုံကိုမျှမမြင်နိုင်လောက်အောင်ရှိလေ၏။ သိန်းခင်၏လက်ယာဘက်၌ ဘအေးရှိ၏။ သိန်းခင်၏လက်ဝဲဘက်၌ ချောမောလှပသော ဆံမြိတ်ချနှင့်မိန်းကလေးတစ်ယောက်ရှိ၏။ ၎င်းမိန်းမကလေး၏အနား၌သိန်းအောင်ရှိလေ၏။ ဘအေးသည် သိန်းခင်မျက်နှာ၏အမူအရာများပျက်နေသည်ကိုတွေ့မြင်ရသောအခါမသိန်းခင်ရဲ့အားမနာနှင့်စားသာစားပါ။ ဘာမှရှက်စရာမရှိပါဘူး။ သည်လူတွေဟာ ဆွေမျိုး အရင်းအချာလိုချည်းပါပဲစသည်ဖြင့် သိန်းခင်အား အားပေးစကား ပြောလေ၏။

ဆံမြိတ်ချ၍ လှပသောမိန်းမကလေးလည်း ကိုကိုကကော ဘာများငေးမောနေတာလဲ စားပါဦး၊ ဟောသည်ဆယ့်နှစ်မျိုးဟင်းကလေးဟာတင့်ကိုယ်တိုင်ချက်တာပဲ။ မေမေကြီးဘုရားက အစေခံတွေလုပ်တာကိုအားမရလို့ တင့်ကိုခေါ်ပြီးခိုင်းတာနှင့် ခံတမာအချက်သမားလုပ်၍နေရတယ်ကိုကိုရဲ့ဟု သိန်းအောင်အားပြုံးရယ်သော မျက်နှာနှင့်ပြောလေ၏။

သိန်းခင်သည် မိန်းမပျိုကလေးကို မသင်္ကာသောမျက်နှာနှင့်လျှင်မြန်စွာမော်၍ ကြည့်လေ၏ ထမင်းကိုပင် မျို၍မကျနိုင်တော့ဘဲ စားနေဟန်သာဆောင်၍ နေရလေ၏။

သို့သော်လည်း ဘအေးက တောင်ငူ၌ဖြစ်ပျက် တွေ့ကြုံခဲ့ရသောအကျိုးအကြောင်းများကို အားရဝမ်းသာဒေါ်မာန်ပါပါ ရယ်ကာ မောကာပြော၍နေသည်ကို နားထောင်၍နေရခြင်းသည် ဣန္ဒြေလုပ်ရခြင်း၌ အတော်ပင် လွယ်ကူလေ၏။ သိန်းအောင်မှာလည်း မိမိ၏အနီးရှိ တင်တင်နှင့်သာစကားပြောကြားလေ၏။ မင်းကတော်ကြီးသည်ကား ရေနံချောင်းမှ လာသော အခြားဧည့်သည်များနှင့် ရွှေ့ကြောင်းနောက်ဖြစ်များကိုပြော၍မြိန်ယှက်စွာ စားသောက်၍နေလေ၏။

mgyoe.com

mgyoe.com


သိန်းခင်သည် ဘအေး၏ပြောသော စကားများကို ပြုံးရယ်ကာနှင့် နားထောင်၍နေရသော်လည်း ဘအေးဘာတွေကို ပြောနေမှန်းကိုမှ နားမလည်နိုင်ဘဲ နေလေ၏။

ဘအေးသည် မိမိပြောသောစကားကို သိန်းခင်နားထောင်လေသည်၊ နားလည်သည်ဟု ထင်မှတ်လျက် မရပ်မနားပြောဆိုပြီး သူ့ဘာသာ ပြော၍ သူ့ဘာသာရယ်မောလျက်နေလေ၏။

သိန်းခင်၏စိတ်၌သင်းမသိရင် ငါလည်းမသိတန်းပေါ့၊ ဝတ်လုံသော သူဌေးသော ငါ့ဘာဂရုစိုက်စရာရှိသလဲ အင်မတန်တော်တယ် အင်မတန် ဣန္ဒြေကောင်းတယ်။ သည်လောက်တောင် အမူအရာတတ်ရင် ရုပ်ရှင် မင်းသားဝင်လုပ်ဖို့ ကောင်းသားပဲ။ ကိုယ်လည်း သူ့လောက်တော့ တတ်နိုင်ပါတယ်ဟု တွေးကာ တဖြည်းဖြည်းဣန္ဒြေရ၍လာလေ၏။

သို့သော်လည်း ၎င်း၏အပါး၌ရှိသော မိန်းမချောကလေးကိုမြင်ရသည်မှာ မခံမရပ်နိုင်သဖြင့် အတော်ပင့်ချုပ်တည်းခြင်းပြုရလေ၏။မကြာမီ ထမင်းစား၍ ပြီးကြလေ၏။ ဧည့်ခန်းထဲသို့ တစ်စုတစ်ဝေးပြောင်းရွှေ့၍ သွားလေ၏။ တချို့လည်း သတင်းစာကို ဖတ်ရှုကြ၏။ အချို့ကား စကားပြော၍နေကြ၏။ မြို့အုပ်မောင်ဘအေးသည်ကား ပီယာနိုရှိရာသို့ သွားပြီးလျှင် ကိုင်း နားထောင်ကြ နားထောင်ကြ၊ ကျွန်တော်အင်တာ တိန်းလုပ်မယ်။ သူဌေးမင်း မနေ့ကတီးတဲ့ပတ်ပျိုး ယိုးဒယားကရိုးနေပြီ ကျွန်တော်က အဆန်းတီးလိုက်မယ်ဟုပြောကာ ပီယာနိုကို တဝွင်ဝွမ်မြည်အောင် ပုဆိန်ပေါက်တီးလေ၏။ အားလုံးတို့သည်လည်း အံ့အားသင့်ကာ ငေးမော၍ နေကြလေ၏။

မိန်းမပျိုအချောချောကလေးက ကိုကိုဒါဘာသီချင်းလဲဟု မဂ္ဂဇင်းတစ်ခုကိုဖတ်ရာမှ လှမ်း၍မေးလေ၏။ ဘအေးသည် ပီယာနိုကိုရပ်ပြီး လှည့်၍ကြည့်ကာ ဒါပြာသိုလသီချင်းဆိုတာ မကြားဖူးဘူးလား ဟုပြော၍ တစ်ဖန်ဆက်ကာ တီးပြန်လေ၏။

သိန်းခင်နှင့်သိန်းအောင်သည် ၎င်းကိုရပ်ကာကြည့်လျက် ပြုံးရယ်

mgyoe.com

mgyoe.com


လေ၏။ ထိုနောက်တစ်ယောက်ကို တစ်ယောက်ပြုံးလျက်နှင့်ပင်ကြည့်ကြ၏။

မင်းကတော်ကြီးက တော်ပါဟာ၊ နှင့်ဟာကနားငြီးလှပါတယ်။ ပြာသိုလသီချင်းလည်း ငါမကြားဖူးပါဘူး။

ဘအေးသည် တစ်ဖန်ရပ်ကာ မင်းကတော်ကြီးကိုကြည့်ပြီး မေမေဘာကြားဘူးမလဲ။ သည်သီချင်း မဟာဂီတထဲမှာမှမပါဘဲ။ မြဝတီမင်းကြီးဦးစ ရေးတာပေါ့။ ပြာသိုလမှာ ကြောင်နှစ်ကောင်သစ္စာနဲ့တဲ့စုံတွဲသီချင်းပေါ့။ ကျွန်တော်ကင်းဝန်မင်းကြီး စာတိုက်ထဲကကူးယူပြီးထားတာဟု ပြောပြီး ပီယာနိုကို တစ်ချက်နှစ်ချက်ဆက်၍ ထုလေ၏။

မင်းကတော်ကြီးက ဟဲ့အရူး နင်အခုတရားသူကြီးဖြစ်နေပြီ။ ရူးဖို့အချိန်မဟုတ်တော့ဘူး၊ ထ သွား နားငြီးတယ်ဟုပြောလေရာ ဘအေးသည် ရယ်မောကာထ၍ သိန်းအောင်ရှိရာသို့လာလေပြီး ပခုံးကိုကိုင်ပုတ်ကာ ကိုင်းသူဌေးမင်း ညကလုပ်တဲ့ ဘောလယ်ကလေးတစ်ပုဒ် တီးစမ်းပါဦးဟု ပြောလေ၏။

သိန်းအောင်သည် သိန်းခင်ကိုကြည့်ကာပြုံးပြီး ထိုင်ရာမှထ၍ လာပြီးလျှင် ဘောလယ်ကလေးကို တီးပြလေ၏။ သိန်းအောင်သည် နဂိုကပင် အတီးအမှုတ်များစွာ ဝါသနာပါလှသဖြင့် အထက်ထက်က သိန်းခင်နှင့်အတူနေစဉ်ကလည်း ထိုသီချင်းကိုများစွာတီးလေ၏။ သို့သော်လည်း ဤတစ်ကြိမ်တီးခြင်းမှာ ရှေးကနှင့်မတူ အထူးပိုမို၍ကောင်းသည်ဟု သိန်းခင်၏ စိတ်၌မှတ်ထင်လေ၏။

ထိုနောက် မှုံမပြေ ... ဟူသော ယိုးဒယားကြီးကိုဆက်၍တီးလေ၏။ ထိုသီချင်းမှာ သာလွန်ထူးကဲ၍ ကောင်းပြန်လေ၏။ နားထောင်၍နေသူတို့သည် ထ၍လာကြပြီးလျှင် ပီယာနိုအနီးသို့ ဝိုင်းအုံကာကြည့်၍နေကြလေ၏။ သိန်းခင်သည်ကား အပါးသို့မလာဘဲ ပြတင်းပေါက်မှ အပြင်ဘက်သို့မျှော်ကာ မိမိ၏မျက်နှာကို အခြားမည်သူမျှမမြင်ရလေအောင် တိမ်းဖယ်၍ထားလေသတည်း။

mgyoe.com

mgyoe.com


အကြောင်းမူကား ၎င်း၏မျက်လုံးထဲမှာ မြူခိုးများဆင်လျက် နေလေသတည်း။ ထိုသီချင်းသံသည်ကား အထက်ထက်က များစွာတီးခဲ့ဖူးသော သီချင်းဖြစ်သဖြင့် သိန်းခင်ကိုယ်တိုင်လည်း ကောင်းစွာရလေ၏။

ထိုတေးသံသည် ပင်လယ်၌ထသော လှိုင်းအိကြီးများကဲ့သို့သိန်းခင်၏ ရင်ထဲသို့ဝင်ရောက် ထကြွ၍လာလေ၏။ သိန်းခင်သည် မျက်နှာကို သာ၍ပင်ရှောင်ပုန်းလွှဲဖုယ်ရပြန်လေ၏။ရင်ဝမှာလှိုက်ဖို၍လာသောကြောင့် အနီးရှိ စားပွဲပေါ်က သတင်းစာတစ်စောင်ကို ကောက်ယူကာ ရင်၌ကပ်ယူ၍ ပိုက်ပြီးလျှင် ပြတင်းပေါက်နားသို့ တိုး၍ကပ်လေ၏။ နောက်ဆုံး၌ "ကြင်ရာခင်လေးကြောင့် ပူဆွေးဗျာပို၊ ရွှေရင်ကိုစုံတီးပါလို့ငို"ဟူသော အပိုဒ်သို့ရောက်သောအခါ သိန်းခင်၏ရင်ဝမှ အလုံးကြီးတစ်လုံးသည် လည်မျိုသို့ ဆို့တက်၍လာလေ၏။

ထိုအခါ သိန်းခင်သည် ဦးခေါင်းကိုငုံ့လျက် နောက်သို့လှည့်ပြီး အခန်းထဲမှ ထွက်သွားလေ၏။

ဧည့်သည်များသည်ကား ပီယာနိုကိုအာရုံစိုက်၍နေကြသဖြင့် သိန်းခင်၏မျက်နှာကို မမြင်လိုက်ဘဲ ရှိကြလေ၏။

မင်းကတော်ကြီးမှာမူကား သိန်းခင်ထသွားသည်ကို အမှတ်မဲ့ကြည့်မိလိုက်လေ၏။သို့သော်လည်း တစ်စုံတစ်ရာမှ မေးမြန်းပြောဆိုခြင်းမပြုဘဲ စဉ်းစားသောမျက်လုံးများနှင့် ငေးစိုက်ကာ ကျန်ရစ်ခဲ့လေ၏။

သိန်းခင်သည် ပန်းခြံထဲသို့ရောက်သွားလေ၏။ တစ်ခုသော ပန်းရုံကွယ်သို့ရောက်လျှင် ချုပ်တည်း၍မရသော ဝမ်းနည်းခြင်း၏အရှိန်သည် ရင်ဝ၌ဒီလှိုင်းတက်သလို တက်၍လာသဖြင့် လေးငါးချက်ဆင့်ကာ ရှိုက်ပြီးလျှင် မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ကုန်းမြေမြင့်ကလေးပေါ်သို့ ထိုင်ချပြီးလျှင် တောင်ကျစမ်းရေ သွန်၍လောင်းသလို မျက်ရည်များ သွန်းလောင်း၍ ချလေသတည်း။

အပြီးသတ် ပီယာနိုသည်ကား လိုက်လံညှဥ်းပန်းသော အမှုအရာဖြင့် ဆက်လက်ကာ မညှာမတာနှလုံးအိမ်ကို တိုးဝှေ့တီးခတ်ကန်ကြောက်

mgyoe.com

mgyoe.com


ခြင်းပြုလေသတည်း။

မကြာမီ ပီယာနိုသံရပ်စဲ၍ သွားလေ၏။ သိန်းခင်သည် လက်ကိုင်ပဝါကလေးကို သွားနှင့်ကိုက်ကာဆွဲဆုတ်ရင်း မသွေးရသော ကျောက်မျက်ရတနာ၊ နီလာအဆင်းနှင့်တူသော မျက်လုံးကြီးများနှင့် ကြောင်တောင်ငေးလျက် ဘာကိုမျှမမြင်ဘဲနေလေ၏။

သိန်းခင်၏မာနသည် ကွင်းပြင်ကျယ်၌ အထီးကျန်ပေါက်၍နေသော သစ်ပင်ကြီးပမာ အချစ်၏မုန်တိုင်းလေအလာတွင် ညွတ်ယိမ်းကာ ကျိုး၍ကျတော့မည်ကဲ့သို့ ဖြစ်လေသတည်း။ ထိုနောက် တစ်ဖန်အားယူကာ စိတ်ကိုတင်းလျက် သင်းကမှငါ့ကိုအသိမလုပ်ဘဲ။ ငါဘာပြုလို့အသိလုပ်ရမလဲ။ ဂျင်းစိမ်းနှင့်မိတ်သလင် သူကြင်မှကြင်တမ်းပေါ့၊ သူမခေါ်လျှင် ငါမခေါ်တမ်းပေါ့၊ သူငါ့ကိုမသိလျှင် ငါလည်းသူ့ကိုမသိဘူး။ ငါသူ့ကို ဘာပြုလို့ချစ်ပြီး ဝမ်းနည်းပူဆွေးရမလဲ သင်းတို့တစ်မျိုးလုံးကို ငါမုန်းတယ်။ ငါအခုလိုတစ်ယောက်တည်းနေတာအကောင်းဆုံးပဲ။ သူနဲ့ပြန်၍နေလျှင် သူ့ဆွေမျိုးတွေအစော်ကားကို ငါခံရဦးမယ်။ ငါဘာဖြစ်လို့ သင်းနဲ့ သည်နေရာမှာ လာတွေ့ရပါလိမ့်မလဲ စသည်ဖြင့် ဝမ်းနည်းကြေကွဲခြင်းကို တဖြည်းဖြည်းရတ်သိမ်းစပြုလေ၏။

ထိုအခိုက်တွင် ခြံထဲသို့လျှောက်၍လာသောခြေသံကိုကြားသဖြင့် လှည့်၍ကြည့်ရာ ဘအေးနှင့်သိန်းအောင်ကို မြင်ရလေ၏။ အခြားဧည့်သည်များလည်း ခပ်လှမ်းလှမ်းက လျှောက်၍လာကြလေ၏။

ဘအေးသည် သိန်းခင်ကိုမြင်သောအခါ ပြုံးရယ်သောမျက်နှာနှင့် "သြော် မသိန်းခင် တောင်ငူကိုပြန်၍ လွမ်းနေသလား ဘာများတစ်ယောက်တည်း စဉ်းစားနေသလဲ"ဟုပြောရင်း နှစ်ယောက်စလုံးအနားသို့ ရောက်လာလေ၏။

သိန်းခင်သည် ပြုံးရယ်၍ ထိုင်ရာမှထပြီး "ဘာမှမစဉ်းစားပါဘူး ပန်းခြံက လှလွန်းလို့ လှည့်ကြည့်နေတာပါ"

သိန်းအောင်သည် သိန်းခင်ကိုကြည့်ပြီး ခပ်ပြုံးပြုံးမျက်နှာထားနှင့်

mgyoe.com

mgyoe.com


"အရင်က မြင်ဖူးသလိုလိုရှိပါတယ်။ ဇာတိတောင်ငူကပဲလား"

(သိန်းခင်သည် ၎င်းကိုက္ကန္ဒြေလုပ်ကာ တစ်အောင့်မျှစဉ်းစားပြီး) "ဟုတ်ကဲ့ကျွန်မတောင်ငူကပဲဆိုပါတော့"ဟုပြောပြီး မော်ပြုံးကလေးပြုံးပြီး တစ်ဖက်သို့လှည့်၍ကြည့်ကာနေလေ၏။ အမိန့်တော်ရမင်း ဦးညိုဆိုတာ သိရဲ့လား။

သိန်းခင်သည် ၎င်း၏မျက်နှာကို တစ်ဖန်ကြည့်ကာ အသိသားပဲဟု ပြောလေ၏။ နံဘေးရှိပန်းပင်၏အကိုင်းကလေးကိုကိုင်ကာ အရွက်များကို ချေ၍နေလေ၏ သိန်းအောင်သည် ၎င်း၏ ဦးခေါင်းကလေးကိုမချိုမချဉ် မျက်နှာနှင့်ကြည့်လေ၏။ ဘအေးသည် ၎င်းတို့ကိုစဉ်းစားသော မျက်လုံး များနှင့်ကြည့်၍နေလေ၏။ ရှေ့နောက်နံဘေးသို့ လှည့်ကာကြည့်လေ၏။ သိန်းခင်သည် ဘအေး၏မျက်နှာကိုကြည့်လေ၏ ဘအေးသည် မျက်နှာကို လွှဲကာထွက်သွားလေ၏။ သိန်းခင်၏စိတ်၌ ကိုဘအေးငါ့ကို ဘယ်လိုများ မှတ်ထင်မလဲမသိဟုစဉ်းစားကာ ဘအေး၏အမူအရာနှင့်ပတ်သက်၍ ထွေ ထွေရာရာ တွေးတောစ၍နေလေ၏။

(အကြောင်းမူကား ဘအေးသည် မိမိကိုကြိုက်ချစ်နေသလား)။ မင်းကတော်ကြီးသည် မိမိကိုဘအေးနှင့်မှန်းထားလေသလားဟူ၍ တွေး တောသံသယဖြစ်ခဲ့၏။ ဘအေးအတန်ဝေး၍ သွားသောအခါသိန်းအောင်ကို မကြည့်ဘဲ။ ဘယ်တုန်းက ဝတ်လုံဖြစ်လာသလဲဟု မေးလိုက်လေ၏။

"ဟိုက်ကွတ်ရှေ့နေပါ။ ဝတ်လုံမဟုတ်ပါဘူး၊ မနှစ်ကအောင်တယ်။ သူတို့ကသာ ဝတ်လုံလို့ခေါ်နေကြတယ်"

"သူဌေးလို့လည်းခေါ်ပါကလား ဘာသူဌေးများဖြစ်လို့လဲ"

"မင်းမကြားဖူးဘူးလား၊ ငါ့ကုသိုလ်ကံကြမ္မာက အဘိုးကြီးကို သတ်ပြီး နှမတွေကိုနှိပ်စက်တယ်။ အကုန်လုံးပုလိပ်နဲ့လိုက်သွားကြလို့ ငါတစ်ယောက်တည်းကျန်တော့တယ်။"

"ဩော် သည်လိုလား မကြားရပါဘူးတော်။ တောင်ငူကခြံကြီးတစ်ခု ထဲမှာဥပုသ်ရက်ရှည်စောင့်နေတော့ လောကသတင်း ဘာမှမသိဘူး"

mgyoe.com

mgyge.com


"သည်ကာခင်းကတော်ကြီးများနှင့် ဘယ်မှာသိသလဲ"

"ဟိုမှာပဲသိတာပေါ့"

သိန်းအောင်၏မျက်လုံးများ၌ ထူးခြားထက်သန်သော အဆင်းအရောင်ပေါ်၍လာလေ၏။

သိန်းခင်သည် သိန်းအောင်ထံမှ ထွက်၍သွားသောအခါ ဘယ်ကိုသွားမည်ဟု မပြောခဲ့ချေ။ တိတ်တဆိတ်ထွက်၍ သွားခြင်းလည်းမဟုတ်။ ရုတ်တရက် အတိအလင်း ထွက်ပေါ်လာပြီး အတိအလင်းပျောက်၍သွားခြင်းဖြစ်လေ၏။ ၎င်း၏ပျောက်ကွယ်ခြင်းသည် တောထဲသို့လေးဖြင့်ပစ်လိုက်သော လောက်စာလုံးပမာကဲ့သို့ များစွာတူ၍နေခဲ့လေ၏။ သိန်းအောင်၏ မျက်နှာကို မသိမသာမော်၍ကြည့်၏။ သို့အနည်းငယ်ကြည့်နေရခြင်း၌ သိန်းအောင်မှာ တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိ ရှေးကကဲ့သို့ တင်းမာသော သိန်းအောင်၊ခက်ထန်သော သိန်းအောင်၊ မိမိနှင့်အလားတူစွာ ပျိုရွယ်ခြင်း၌ မော်မောက်သောအမူအရာကို မြင်ရလေ၏။

"မင်း အခုလို သွားလာနေရတာ တော်တော်ပျော်ရဲ့လား"ဟု သိန်းအောင်က မေးလေ၏။

— (သိန်းခင်၏စိတ်၌ သူငါ့အကြောင်းကို ဂရုစိုက်၍မေးတာလား) ယဉ်ကျေးဖွယ်ရာတဲ့ အသုံးအနှုန်းကိုသုံးခြင်းမျှ ဖြစ်လေသလားဟု စဉ်းစားကာ နှုတ်ခမ်းကိုကိုက်လျက် မသိမသာပြုံးလေ၏။

သိန်းအောင်ကလည်း သိန်း၊ သိန်းခင်ကလည်း သိန်း သိန်းနှစ်သိန်း၏ မာန်မာနသည် ခေါင်းထောင်သည့် ကြက်နှစ်ကောင်ပမာ။ မည်သူမျှ နှိမ်ချ၍မရချေ။

"ကျွန်မသည်ဘဝမှာ ဘယ်တုန်းကမျှ သည်အခါလောက်မပျော်ခဲ့ဖူးဘူး"ဟု မျက်နှာကိုငုံ့လျက် နံဘေးရှိနှင်းဆီရုံ၏ထိပ်၌ အထီးကျန်ပွင့်၍နေသောပန်းတစ်ပွင့်ကို ခူးလေ၏။

သိန်းအောင်နှင့်နေစဉ်က များစွာစိတ်မချမ်းသာဖြစ်ခဲ့၏။ ဆွေမျိုးများ၏ အနှောင့်အယှက်ကြောင့် များစွာစိတ်ခက်တရော်ခြင်းဖြစ်ခဲ့၏။

mgyge.com

အခါများစွာ မှိန်မှေးသုန်မှုန်မည်သူနှင့်မျှ မတွေ့မကြုံ လုံလုံကလေး တစ်ကိုယ်တည်းနေချင်သောစိတ်ရှိ၏။

(သို့သော်လည်း ထိုကဲ့သို့သော စိတ်အမူအရာမျိုးတို့ကြောင့်) သိန်းအောင်သည် သိန်းခင်ကို မုန်းထားပစ်ခွာခြင်းမပြု မသိချင်ယောင်ဆောင်၍သာနေခဲ့လေ၏။သို့ဖြစ်သောကြောင့် သိန်းအောင်ကမပစ်၊ မိမိကပစ်ခွာသွားခြင်းဖြစ်လေရာ ကိုယ်စိတ်နှစ်ပါးပျော်ရွှင်ခြင်းဖြစ်ခဲ့သည်မှာ အစဦး၌ အတော်ပင်ဖြစ်ခဲ့ပေ၏။ သို့ဖြစ်သောကြောင့် ယခုပြန်၍လာခြင်းသည် သိန်းအောင်ဝတ်လုံကြီး သူဌေးကြီးဖြစ်၍လာသောကြောင့် ပြန်၍လာသည်ဟု မှတ်ထင်ခြင်းခံရမည်ကို စိုးရိမ်မိလေ၏။

သို့အတွက် ထိုအကြောင်းနှင့် ပတ်သက်ပေါ်လာ၍ မေးခွန်းအတွက် သိန်းခင်မှာ ချက်ချင်းအသင့်ပြင်ဆင်လိုက်လေ၏။

"နို့ မင်းအခုဘာပြုလို့ ပြန်လာတာလဲ"

"ကျွန်မကိုယ်ကို ကျွန်မအစိုးမရထိုက်ဘူးလား။ ကျွန်မပြန်ချင်တဲ့အခါ မပြန်ရဘူးလား။ ရန်ကုန်မြို့က တစ်နှစ်ကျော်ကျော်ခွာနေပြီးနောက် ရန်ကုန်ကို တစ်ခါတလေပြန်ချင်သေးတာပေါ့။ရန်ကုန်မြို့အရင်ကနှင့် တူမှတူသေးရဲ့လား။ ရန်ကုန်မြို့ဆိုတာရှိမှ ရှိသေးရဲ့လားဆိုတာ သိချင်လို့လာတာပါ။ ဘယ်သူ့ကိုမှ တွေ့ချင်လို့လာတာမဟုတ်ပါဘူး။ ရန်ကုန်ကိုတွေ့ချင်လို့လာတာပါ"

(ဩော် ဘယ်သူ့ကိုမှတွေ့ချင်လို့ လာတာမဟုတ်ဘူးလား။)

"ကောင်းပဗျာ၊ ဒါတော့နည်းနည်းလိမ်ပြောရာ ကျလိမ့်မှာပေါ့။ တွေ့ချင်တဲ့သူတစ်ဦးတစ်လေတော့ရှိမှာပဲ။ ဘယ်သူများဖြစ်ပါလိမ့်မလဲ"

"ဘယ်သူမှတော့မဟုတ်ပါဘူး။ မင်းကတော်ကြီးအိမ်သား တစ်စုပါပဲ ဟိုအရင်တောင်ငူကို လာတုန်းက မင်းကတော်ကြီးအိမ်ကိုလာလည်ဦးမယ်လို့ ကတိထားလိုက်တယ်။ အခြားမိတ်ဆွေများလည်း သည်လိုထားဘူးတာပဲ"

"မင်းသည်လိုပဲ ကတိအမြဲတည်သလား"

mgyoe.com

"ကတိဆိုတာအမြဲရှိတာပဲ၊ အချို့ကတိများလည်းထားပြီးမှ မှားမှန်းသိတဲ့ ကတိများလည်းရှိသေးတယ်၊ အချို့ကတိများလည်း ကတိထားခံရသူ ကိုယ်တိုင်ကပင် ကတိတည်သည် မတည်သည်ကို တယ်ပြီးဂရုမစိုက်ကြပါဘူး"

သိန်းအောင်သည် မျက်နှာထားတည်တည်နှင့် သိန်းခင်ကိုကြည့်၍နေလေ၏။ သိန်းခင်သည် ၎င်း၏မျက်နှာကို မော့၍ကြည့်လေ၏။ သိန်းအောင်၏မျက်လုံးအရှိန်သည် မိမိအားမခံမရပ်နိုင်အောင် ထွင်းဖောက်နေသည်ဟု မှတ်ထင်ရလေ၏။ ၎င်း၏ မျက်လုံးအရှိန်အောက်၌ မခံမရပ်နိုင်အောင်ဖြစ်ကာ မငြိမ်မသက်နေလေ၏။

ထိုနောက် နှစ်ယောက်သား စကားမပြောဘဲ ငြိမ်သက်စွာနေလေ၏။ ဘအေးသည် ခပ်လှမ်းလှမ်းမှ ၎င်းတို့ကိုကြည့်၍နေပြီး ကြာကြာကြာ ဦးစကြာဟူသော သီချင်းကိုဆိုလိုက်လေ၏။ ထိုအခိုက်တွင် ၎င်း၏ အခြားအဖော်များသည် အနီးသို့ရောက်လာကြလေရာ သိန်းအောင်နှင့် သိန်းခင်တို့သည်လည်း ရောနှောလိုက်ပါလျက် နောက်နားကလျှောက်သွားကြလေသတည်း။

မင်းကတော်ကြီးနှင့် အခြားသောဧည့်သည်များသည်ကား ၎င်းတို့ကိုမမြင်ဟန်ပြုဳနေကြလေ၏။ ဆံမြိတ်ချနှင့်ချောမောလှပသော မိန်းမပျိုကလေးသည်ကား ၎င်းတို့ကိုအံ့အားသင့်သောမျက်လုံးများနှင့်ကြည့်ကာ ပြုံးမဲ့မဲ့ကလေးလုပ်ပြီး အိမ်ဘက်ကိုထွက်၍ပြေးလေ၏။

ထိုနေ့ မွန်းလွဲအချိန် ဧည့်သည်အိမ်သားအားလုံး အသီးသီးအိပ်ကြလေ၏။ သိန်းခင်သည်မိမိအခန်း၌လူးလွန့်ကာနေလေ၏။သိန်းအောင်လည်း မိမိအခန်း၌ တချွတ်ချွတ်နှင့်နေလေ၏။ ထိုနောက်လက်ဖက်ရည်သောက်ကြရာ၌လည်းကောင်း အေးချမ်းသောညနေအချိန်၌လည်းကောင်း ညစာထမင်းစားရာ၌လည်းကောင်း၊သိန်းအောင်နှင့် သိန်းခင်မှာ စကားပြောရန်မရကြချေ။ တွေ့ဆုံ၍စကား ပြောဖို့ရန်ကိုလည်း စိတ်အနေမှာန်မရှိ။ အထူးဆိတ်ငြိမ်ကာ လွန်စွာပင် စဉ်းစား၍နေဟန်ရှိလေ၏။

mgyoe.com